ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၂၆)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်**

**( ၂၀၁၅ ခုနှစ်၊ မတ်လ ၁၂ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၆)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမ အကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၈.၆၀) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၆)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ**
**ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။ ဦးဆွေအောင်၊ ရန်ကုန်(၁၂)၊ကျန်းမာရေး။ ဒေါက်တာခင်ရွှေ၊ ရန်ကုန်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမောင်အေးထွန်း၊ ရခိုင်(၉)၊ ကျန်းမာရေး။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်သန်း၊ မကွေး(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ဥပဒေကြမ်းကော်မတီတာဝန်။ ဦးနိန်းခင်းပေါင်၊ ချင်း(၇)၊ ကျန်းမာရေး။ ဦးညွန့်လှိုင်၊ ဧရာဝတီ(၄)၊ ဒေသ ဖွံ့ဖြိုးရေး။ ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဘိုးရယ်၊ ကယား(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်ချစ်လွင်၊ စစ်ကိုင်း(၁၁)၊ ကျန်းမာရေး။ ဒေါက်တာ မြဦး၊ ပဲခူး(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြညိမ်း၊ ရန်ကုန်(၇)၊ ကျန်းမာရေး။ ဦးတင်မောင်ဝင်း၊ မန္တလေး (၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ငြိမ်း၊ မကွေး(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်နော်မေးရီယန်၊ ကယား(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဘရန်ရှောင်၊ ကချင်(၃)၊ ကျန်းမာရေး။ ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောထွန်းမြအောင်၊ ကရင်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဌေးရယ်၊ ကယား(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၅)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြု ထားသူ(၄၆)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်တွင် တရားဝင်/ တရားမဝင် ဆိုင်ကယ်များ ဖမ်းဆီးသိမ်းယူနေမှုများအား ဖြေလျှော့ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ယခု ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်တွင် တရားဝင်/တရားမဝင် ဆိုင်ကယ်များ ဖမ်းဆီးသိမ်းယူနေမှုများအား ဖြေလျှော့ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနဲ့တကွ အထူးဧည့်သည်တော်များအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်းနဲ့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနုဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ မင်္ဂလာဒုံမြို့နယ်အတွင်းမှာ တရားဝင်/ တရားမဝင်ဆိုင်ကယ်များ ဖမ်းဆီးသိမ်းယူနေမှုများအပေါ်မှာ ဖြေလျှော့ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ဟာ ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းမှာ တည်ရှိနေပေမယ့် မြို့ရဲ့ဆင်ခြေဖုံးမြို့နယ် တစ်ခုဖြစ်နေတဲ့အတွက် ကိုယ်ပိုင်ကားမဝယ်နိုင်တဲ့ဒေသခံပြည်သူ အများစုတို့ ဟာဖြင့်ဆိုင်ကယ်များ ဝယ်ယူစီးနင်းသွားလာကြခြင်း၊ လမ်းအကြိုအကြား လိုင်းကား မရှိတဲ့အတွက် မရှိန္ဒမ်းပါးသူများက သင့်တင့်မျှတတဲ့နှုန်းထားနဲ့ ခရီးတိုသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဖြင့် စားဝတ်နေရေးဖြေရှင်းနေကြခြင်းများဆောင်ရွက်လျက်ရှိကြောင်း ဖြစ်ရပ်မှန်များကို ကြားသိမြင်တွေ့နေရတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လုံခြုံရေးလိုအပ်ချက်အရ ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းမှာ ဆိုင်ကယ်စီးနင်းခွင့် ပိတ်ပင်တားမြစ်ထားသည့်အတွက် စည်ပင်ပြင်ပမြို့နယ်များကဲ့သို့ ဆိုင်ကယ်နှင့် စီးနင်းသူတို့အား တရားဝင်အသုံးပြုသွားလာခွင့် လိုင်စင်များပြုလုပ်ပေးထားခြင်းမရှိဘဲ ဆိုင်ကယ်များကို ဖမ်းဆီးအရေးယူကာ နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမှုများ တစ်နေ့တစ်ခြား တိုးမြှင့်လုပ်ဆောင်လျက်ရှိနေပါကြောင်း၊ ယင်းသို့ဖမ်းဆီးခြင်းလုပ်ငန်းတာဝန်ကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးက တာဝန်ပေးအပ်ထားသူများက ဦးဆောင်ပြီး မီးသတ်တပ်ဖွဲ့ဝင်များလည်း ပါဝင်ကာ ပြည်သူ့ရဲတပ်ဖွဲ့က လုံခြုံရေး အလို့ငှာလိုက်ပါကြရပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရန် တရားဝင်စာ ဖြင့်ညွှန်ကြားထုတ်ပြန်ထားခြင်းလည်း မရှိပါကြောင်း၊ ဆိုင်ကယ်တစ်စီးဖမ်းလျှင် ထပ်မံ၍ နှစ်စီးထပ်တိုးလာသည့် အခြေအနေမျိုးလည်းရှိပြီး ၂၀၁၄ ခုနှစ်က ဆိုင်ကယ်စီးရေ(၂၂၀၀)ကျော် ဖမ်းဆီးနိုင်ခဲ့ပြီး မရမ်းကုန်းမြို့နယ်၊ နာဂလိုဏ်ဂူရှိ ဗဟို စက်ပစ္စည်းထိန်းဌာနတွင် အပ်နှံရပါကြောင်း၊ ဆိုင်ကယ်လိုင်စင်ရှိသော အကြောင်းကြောင်းကြောင့် ဖမ်းဆီးခံရသည့် ဆိုင်ကယ်များကိုလည်း ဒဏ်ငွေကျပ် (၅၀၀၀၀) ပေးဆောင်ကာ (၆)လအတွင်း ပိုင်ရှင်က ပြန်လည်ရွေးယူရပါကြောင်း စသည်၊ စသည်အားဖြင့် ဆိုင်ကယ်စီးနင်းသူများနှင့် သက်ဆိုင်ရာတာဝန်ရှိ သူများမှတစ်ဆင့်လေ့လာသိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခွင့်သင့်၍ ကိုယ်တွေ့ကြုံတွေ့ရသော ဆိုင်ကယ်ဖမ်းဆီးသည့် မြင်ကွင်းတစ်ခုအကြောင်းကို တင်ပြလိုပါတယ်။ တစ်ခုသောလမ်းဆုံမှာ ဆိုင်ကယ်ဖမ်းဆီးတဲ့အဖွဲ့က ဒိုင်နာကားပေါ်မှာ ဆိုင်ကယ်(၅)စီးကို ဖမ်းဆီးရမိပြီး ခေတ္တရပ်နားနေစဉ် မလှမ်းမကမ်းမှာရှိနေသည့် ဆိုင်ကယ်(၁၀)စီးခန့်ဖြင့် ရပ်နေသူလူငယ်များက မိမိတို့ဆိုင်ကယ်များကို လာဖမ်းရန် မချေမငံပြောဆိုကာ စိန်ခေါ်နေသော်လည်း ဖမ်းဆီးရေးအဖွဲ့က မကြားယောင်၊ မမြင်ယောင်ဆောင်ကာ ရန်ရှောင်ထွက်ခွာသွားသည်ကို တွေ့မြင်ရပါ၍ အများပြည်သူတို့ လိုက်နာနိုင်ခြင်းမရှိသည့် စည်းကမ်း အမိန့်ညွှန်ကြားချက်များကို မိမိတို့များပေးနေမိသလား၊ အများပြည်သူတို့ မဖြစ်မနေလိုက်နာရမည့် စည်းကမ်း၊ အမိန့်၊

ညွှန်ကြားချက်များ ဖြစ်နေသည်ဆိုပါလျှင်လည်း အဘယ်ကြောင့် ထိထိရောက်ရောက် ကိုင်တွယ် ထိန်းသိမ်းနိုင်ခြင်း မပြုနိုင်ပါသနည်း စသည်၊ စသည်အားဖြင့် မိမိအနေဖြင့် အုပ်ချုပ်သူနှင့် ပြည်သူတို့ အကြား ကွာဟမှုများ ရှိနေသည်ကို ပူပင်သောက ဖြစ်ခဲ့မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လုံခြုံရေးလိုအပ်ချက်အရ မဖြစ်မနေတားမြစ်ဆောင်ရွက်ရမည် ဆိုပါက ဆိုင်ကယ်များတရားမဝင် တင်သွင်းရောင်းချနေကြသူများ၊ တရားလည်းမဝင် လိုင်စင်လည်း မပေးနိုင် သည့် ဆိုင်ကယ်များကို တရားဝင်ရောင်းချခွင့်ရနေကြသည့် အရောင်းဆိုင်ကြီးများမှာ ပင်ရင်း ဆိုင်ကယ် ဖြန့်ဖြူးရေးဌာနကြီးများဖြစ်နေပါလျက် အန္တရာယ်ကင်းရှင်းစွာရပ်တည်နေနိုင်ကြပြီး မရှိမဲ့၊ ရှိမဲ့ ငွေကြေးစုဆောင်း ဝယ်ယူအသုံးပြုနေကြသူများအား ဖမ်းဆီးအရေးယူခံနေရခြင်းမှာ သင့်/မသင့် အလေးအနက် ပြန်လည် စဥ်းစားရန်သင့်ပြီ ဖြစ်ပါတယ်။ ယခုကဲ့သို့ နိုင်ငံတော်အတွက် ရသင့်ရထိုက် သော အခွန်အခများရရှိအောင် ကြိုးပမ်းနေချိန် နိုင်ငံ့ဘဏ္ဍာလည်း ဖြည့်တင်းပေးနိုင်ရန် ကြိုးပမ်း ဆောင်ရွက်နေချိန်တွင် လုံခြုံရေးရှုထောင့်နှင့် နိုင်ငံ့ဘဏ္ဍာ ရသင့်ရထိုက်သော အခွန်အခများ ရရှိရေး၊ စီးပွားရေးရှုထောင့်အပြင် အများပြည်သူတို့အတွက် ချမှတ်ထားသည့် စည်းကမ်း၊ အမိန့်၊ ညွှန်ကြား ချက်များအား လေးစားလိုက်နာစေရေး အမြင်များဖြင့် ဆိုင်ကယ် လိုင်စင်၊ စီးနင်းသူလိုင်စင်ထုတ်ပေး နိုင်ရေး၊ စီးနင်းသူတို့အားလည်း ဒေသအလိုက် ရက်တိုသင်တန်းများပေး၍ စည်းကမ်းလိုက်နာစေရေး၊ စည်းကမ်းမလိုက်နာသူများ အားလည်းအပြစ်ပေးအရေးယူရေး၊ ဆိုင်ကယ်မစီးရ လမ်းမနယ်မြေနှင့် စီးခွင့်ရနယ်မြေများ သတ်မှတ်ပေးကာ အုပ်ချုပ်သူနှင့် ပြည်သူတို့အကြား အထင်အမြင် လွဲမှားစေမည့် ဖြစ်ရပ်များ မပေါ်ပေါက်စေရေးတို့အတွက် အမှန်တကယ် အမြန်နည်းလမ်းရှာ ဆောင်ရွက်ရန် အချိန် သင့်ပြီဖြစ်ပါကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စည်ပင်နယ်နိမိတ်အတွင်းမှာရှိသော်လည်း ရန်ကုန်စီးပွားရေးမြို့တော်၏ ဆင်ခြေဖုံးဖြစ်နေတဲ့ မင်္ဂလာဒုံမြို့နယ်မှာ ဆိုင်ကယ်စီးသူဦးရေ တစ်နေ့တစ်ခြား တိုးပွားလျက်ရှိနေပြီး စည်းကမ်းထိန်းသိမ်းမှုနှင့် ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ခဲ့ခြင်းမရှိ၍ မကြာခဏ ထိခိုက်မှု အန္တရာယ်များမှာ တစ်နေ့တစ်ခြား တိုးပွားလျက်ရှိနေပြီး ဆိုင်ကယ်ဖမ်းဆီးအရေးယူမှုများကလည်း အရှိန်မြင့်တက်လာနေပါသဖြင့် ယခုအခါမှာ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် တပ်ဖွဲ့မှူးရဲ့ နေအိမ်ဝန်းကျင် တို့တွင် ထောင်နှင့်ချီ၍ ဖမ်းဆီးထားသော ဆိုင်ကယ်များမှာ တစ်မျှော်တစ်ခေါ်ကြီး မြင်တွေ့နိုင်မှာဖြစ် ပြီး မီးဘေးအန္တရာယ်ပင် စိုးရိမ်ဖွယ်ရာ အခြေအနေရှိနေကြောင်းကို မြင်တွေ့ရပါတယ်။

သို့ပါ၍ ရန်ကုန်မြို့တော်ဆင်ခြေဖုံးရှိ မင်္ဂလာဒုံမြို့နယ်တွင် တရားဝင်၊ တရားမဝင် ဆိုင်ကယ်များ ဖမ်းဆီးသိမ်းယူနေမှုများအစား ဆိုင်ကယ်လိုင်စင်၊ လူလိုင်စင်များစိစစ်ထုတ်ပေးခြင်း၊ စီးနင်းသူတို့အား စည်းကမ်းလိုက်နာရန် ရက်တိုသင်တန်းများပေးခြင်း၊ စည်းကမ်းမလိုက်နာသူတို့အားလည်း အပြစ်ပေး အရေးယူခြင်း၊ ဆိုင်ကယ်မစီးရ လမ်းမနယ်မြေနှင့် စီးခွင့်ရနယ်မြေများ သတ်မှတ်ပေးခြင်း စသည်ဖြင့် ဒေသခံပြည်သူများလိုက်နာနိုင်မည့် စည်းကမ်းများသတ်မှတ်ကာ ဖြေလျှော့ပေးနိုင်မည့် အစီအစဥ် ရှိ/ မရှိတို့ကို ဖြေကြားပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အများပြည်သူအကျိုးငှာ လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၅။**

**ဦးအောင်သိမ်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)။** ။ ရိုသေလေးစားအပ်ပါသောအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄)မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနုမေးမြန်းတဲ့ မေးခွန်းနှင့် ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စားပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်မှာ တရားဝင်/တရားမဝင် ဆိုင်ကယ်များကို ဖမ်းဆီးသိမ်းယူနေမှုကို ဖြေလျော့ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းပြီးတော့ ရန်ကုန်တိုင်းဒေသကြီး မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဆိုင်ကယ်မောင်းနှင်ခွင့်အား တားမြစ်ထားခြင်းမှာ ယာဉ်အန္တရာယ်ကြုံတွေ့ရပါက မောင်းနှင်သူနဲ့လိုက်ပါသူရဲ့ လုံခြုံမှုမရှိသော အမြန်ယာဉ်ဖြစ်တဲ့အတွက်ကြောင့် တားမြစ်ထားရခြင်း ဖြစ်ပါတယ်။ ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ် ဥပဒေပုဒ်မ ၂(က)မှာ မော်တော်ယာဉ်ဆိုတာ စက်အားကိုဖြစ်စေ၊ လျှပ်စစ်စွမ်းအားကိုဖြစ်စေ အားလုံးကိုသော်လည်းကောင်း၊ အချို့အဝက်ကိုသော်လည်းကောင်း အသုံးပြုပြီးတော့ လမ်းပေါ်မှာ မောင်းနှင်သွားလာသည့် သို့မဟုတ် မောင်းနှင်သွားလာနိုင်တဲ့ ယာဉ်များပါဝင်သည်ဟု ဖော်ပြထားပါတယ်။ မော်တော်ဆိုင်ကယ်ဟာ အမြန်စာရင်းတွင် ပါဝင်သော်လည်း ဘီးနှစ်ဘီးတပ်ယာဉ် ဖြစ်ပါတယ်။ ကီလိုအားဖြင့် ဆိုင်ကယ် အမျိုးအစားအလိုက်(၈၀)မှ (၁၄၀)အထိ မောင်းနှင်နိုင်တဲ့ယာဉ်ဖြစ်ပါတယ်။ ယာဉ်မှမောင်းနှင်သူကို အကာအကွယ်မပေးထားတဲ့အတွက် မောင်းနှင်သူမှ မိမိကိုယ်မိမိကာကွယ်ရန် ဦးခေါင်းကိုကာရံထားတဲ့ ဆိုင်ကယ်စီးဦးထုပ်ကို ဆောင်းရပါတယ်။

ထိုမျှအန္တရာယ်ကြီးလှတဲ့ တားမြစ်ထားသည့်ကြားမှပင် ၂၀၁၃ ခုနှစ်အတွင်းမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ယာဉ်တိုက်မှု (၂၁၄၃)မှုအနက် ဆိုင်ကယ်ကြောင့် ဖြစ်ပွားရတဲ့ယာဉ်တိုက်မှုမှာ (၂၇၅)မှု ဖြစ်ပွားခဲ့ပြီးတော့ (၃၃)ဦးမှာ သေဆုံးပြီးတော့ (၃၇၅)ဦး ဒဏ်ရာရရှိခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်အတွင်းမှာ ယာဉ်တိုက်မှု (၂၂၃၁)မှုဖြစ်ပွားခဲ့ပြီးတော့ ဆိုင်ကယ်ကြောင့် ဖြစ်ပွားရသောယာဉ်တိုက်မှုဟာ(၅၁၉)မှု ဖြစ်ပွားခဲ့ပြီးတော့ (၁၁၆)ဦးသေဆုံးပြီးတော့ (၆၅၃)ဦး ဒဏ်ရာရရှိခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ် နှိုင်းယှဉ်လို့ရှိရင် ဖြစ်ပွားမှုနှုန်းများလာတာကို တွေ့ရှိရပါတယ်။ သုံးသပ်တင်ပြရလျှင် ယခင်စီမံချက်ချမှတ်၍ ဒဏ်ငွေချမှတ်ထားခဲ့ရာကနေ ယခုအခါတွင် ၁၉၆၄ ခုနှစ် မော်တော်ယာဉ်ပြစ်ဒဏ်တစ်ခုတည်း သာချမှတ်ခဲ့တဲ့အတွက် အမြင့်ဆုံးဒဏ်ငွေမှာ (၁၅၀၀)ကျပ်သာ ချမှတ်ခဲ့ပါတယ်။ ပြစ်ဒဏ်ချမှတ်မှု ပေါ့လျော့ခဲ့တဲ့အတွက်ကြောင့် အခွင့်အရေးတစ်ခုအသွင် ထင်မြင်

ယူဆပြီးတော့ ဆိုင်ကယ် မောင်းနှင်မှု များပြားလာခြင်းကြောင့် ယာဉ်တိုက်မှုမှာ ပါဝင်နှုန်းများပြားလာပြီး တော့ သေဆုံးမှုများလည်း များပြားလာရခြင်း ဖြစ်ပါတယ်။

မော်တော်ဆိုင်ကယ်နှင့် ပတ်သက်ပြီးတော့ စည်းကမ်းပျက်ကွက်မှုကြောင့် ၂၀၁၃ ခုနှစ်မှာ လိုင်စင်ရှိဆိုင်ကယ် (၂၁၄၀)စီး၊ လိုင်စင်မဲ့ဆိုင်ကယ် (၁၉၈၄)စီး၊ စုစုပေါင်း(၄၁၂၄)စီး၊ ၂၀၁၄ ခုနှစ်မှာ လိုင်စင်ရှိဆိုင်ကယ်(၄၀၆၇)စီး၊ လိုင်စင်မဲ့ဆိုင်ကယ်(၁၂၂၇)စီး စုစုပေါင်း(၅၂၉၄)စီး၊ ၂၀၁၅ ခုနှစ်မှာ ဇန်နဝါရီလအထိ လိုင်စင်ရှိ (၁၁၁၉)စီး လိုင်စင်မဲ့(၂၇)စီး၊ စုစုပေါင်း (၁၁၄၆)စီး ဖမ်းဆီးအရေးယူခဲ့ပြီး ဖြစ်ပါတယ်။ မော်တော်ဆိုင်ကယ်မောင်းနှင်ခြင်းနှင့် ပတ်သက်ပြီးတော့ သီးသန့်သင်တန်းဖွင့်လှစ် ထားရှိမှုမရှိဘဲ တစ်ဦးနှင့်တစ်ဦး သင်ကြားရာမှ တတ်မြောက်လာခြင်းဖြစ်သဖြင့် အဆိုပါမောင်းနှင်မှုများတွင် ယာဉ်မောင်းလိုင်စင်မရှိခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကိုလည်း နားလည်မှု မရှိကြောင်း တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ မော်တော်ယာဉ် များပြားလာသော မြို့တော်စည်ပင်သာယာ နယ်နိမိတ်အတွင်းမှာ မော်တော်ဆိုင်ကယ် သွားလာမောင်းနှင်နေမှုအား ထိရောက်စွာထိန်းချုပ်နိုင်ရန် အတွက် ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေပုဒ်မ ၁၇၃ အပြင် ၂၀၁၃ ခုနှစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၆၃(ဃ)၊ ၈၅(ခ)၊ ၇၂ တို့အရ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွက် မင်္ဂလာဒုံမြို့နယ်မှာလည်း အလွန်စည်ကားပြီးတော့ မြို့တော်စည်ပင်နယ်နမိတ်အတွင်း ပါဝင်သော မြို့တစ်မြို့ဖြစ်ခြင်း၊ မြို့တော်အဝင်လမ်းဖြစ်ခြင်း၊ ပြည်သူတစ်ရပ်လုံး ယာဉ်အန္တရာယ်ကင်းရှင်းရေးကို ဦးစားပေးဆောင်ရွက်နေရခြင်း စတဲ့အကြောင်းအရင်းများကြောင့် မင်္ဂလာဒုံမြို့နယ်အတွင်း တရားဝင်/ တရားမဝင် ဆိုင်ကယ်များ ဖမ်းဆီးထိန်းသိမ်းနေမှုကို ဖြေလျှော့ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဖလမ်းမြို့နယ်၊ ဒုမန်းကျေးရွာ ဘိုးဘွားပိုင် တောင်ယာကွက်များတွင် သစ်တောဌာနမှ ထင်းရှူးပင်များ ကျူးကျော်စိုက်ပျိုးနေခြင်းများကို ပြန်လည် ရုပ်သိမ်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း က ဖလမ်းမြို့နယ်၊ ဒုမန်းကျေးရွာ ဘိုးဘွားပိုင်တောင်ယာကွက်များတွင် သစ်တောဌာနမှ ထင်းရှူးပင်များ ကျူးကျော်စိုက်ပျိုးနေခြင်းများကို ပြန်လည် ရုပ်သိမ်းပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးကျွန်ခဲန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့်တကွ အစည်းအဝေးသို့ လာကြတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနဲ့ ဒုတိယဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များ အားလုံး ကျန်းမာချမ်းသာပြီး လိုရာဆန္ဒ ပြည့်ဝနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသား

လွှတ်တော်ကိုယ်စားလှယ် ဦးကျွန်ခဲန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်ကြောင့် ကျွန်တော် မေးခွန်းကိုမေးရတဲ့အတွက်ကြောင့် အထူးပဲဝမ်းသာပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။

မေးခွန်းမှာပါတဲ့အတိုင်းပဲ ဖလမ်းမြို့နယ်၊ ဒုမန်းကျေးရွာ ဘိုးဘွားပိုင် တောင်ယာကွက်များတွင် သစ်တောဌာနမှ ထင်းရှူးပင်များ ကျူးကျော်စိုက်ပျိုးနေခြင်းများကို ပြန်လည်ရုပ်သိမ်းပေးရန်ဆိုတဲ့ အစီအစဉ်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဘိုးဘွားပိုင်ဆိုတဲ့ဟာကို ကျွန်တော် နည်းနည်း ပြောပြချင်ပါတယ်။ ကျွန်တော်တို့ ဒုမန်းကျေးရွာဟာ ၁၈၇၀ ခုနှစ်ဝန်းကျင်က ဆိမ်မျိုးနွယ်စုဖြစ်တဲ့ ဦးဟရန်သင်ထီးယိုး မှ တည်ထောင်ခဲ့သည့် ရွာတစ်ရွာဖြစ်ပါတယ်။ မရှေးမနှောင်းတွင် ဒုမန်းကျေးရွာရဲ့ အရှေ့ဘက် (၆)မိုင်ခန့် အကွာအဝေးမှာ ဝေါန်မျိုးနွယ်ထဲက ဦးဒိုမန်း အရင်တုန်းက ချင်းပြည်နယ်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယ ဗိုလ်မှူးကြီးကပ်ကြုံးနုံးရဲ့ အဘိုးဖြစ်ပါတယ်။ သူက အဲဒီမှာ ရွာတည်ထောင်ကာ ဇောလ်ပီးရွာလို့ အမည် တွင်ခဲ့ပါတယ်။ ဒုမန်းသည် ဆိမ်မျိုးနွယ်စုနေထိုင်သောရွာဖြစ်ပြီး ဇောလ်ပီးမှာ ဝေါန် မျိုးနွယ်စုနေထိုင်သော ရွာဖြစ်ပါတယ်။ ဦးဒိုမန်းသည် မုဆိုးဖိုဖြစ်သဖြင့် ၎င်း၏ မျိုးနွယ်စုများ နေထိုင်သည့် ဆိုင်မွှန်ကျေးရွာသို့ သူက မိန်းမယူရန် ခရီးနှင်ခဲ့ပါတယ်။ ခရီးသွားရင်းနဲ့ အဲဒီ ဒုမန်းကျေးရွာမှာ ခရီးတစ်ထောက်နားတဲ့အခါမှာ အဲဒီ ဒုမန်းမှာ ရွာတည်ထောင်တဲ့ ဦးဟရန်သင်ထီးယိုး ကနေပြီးမှ အကျိုးအကြောင်းမေးတဲ့အခါမှာ သူတို့က မိန်းမယူဖို့ ပြောပြတဲ့အခါကျတော့ ဦးဟရန်သင်ထီးယိုး ကနေပြီးမှ ကျွန်တော့်မှာ နှမရှိပါတယ်။ လပ်တဲ့နှမ ရှိပါတယ်။ မင်းတို့အဝေးကြီး သွားစရာ မလိုပါဘူး။ ရွာနီးနားချင်း အချင်းချင်းအပြန်အလှန် စောင့်ရှောက် ကြည့်ရှုဖို့ လွယ်ပါတယ် ဆိုပြီးမှ သူ့နှမကို ပေးစားလိုက်ပါတယ်။ အဲဒါနဲ့ ဦးဒိုမန်း ကလည်း အိုကေ ဆိုပြီးမှ သူအဝေးကြီး မသွားတော့ဘဲနဲ့ အဲဒီ ဆိမ်မျိုးနွယ်စုထဲက အမျိုးသမီးနဲ့ အိမ်ထောင်ပြုပါတယ်။ အဲဒီ ကစပြီး ဒုမန်းနဲ့ ဇောလ်ပီးရွာဟာ အပြန်အလှန်ပေါ့နော်၊ အဲဒီလိုနဲ့ မိတ်ဆွေဖြစ်တဲ့ အခါကျတော့ တချို့ ဝေါန်လူမျိုးက ဒုမန်းကျေးရွာမှာ ပြောင်းနေပြီးမှ တချို့ ဒုမန်းမှာနေတဲ့ ဆိမ်မျိုးနွယ်စုကလည်း ဇောလ်ပီးမှာ သွားနေထိုင်ကြပါတယ်။

နောက် နှစ်အတော်အတန်ကြာတဲ့ အခါမှာ ဒုမန်းကျေးရွာမှာ ပြဿနာတစ်ခုဖြစ်လာပါတယ်။ သူတို့ရဲ့ ရွာစောင့်နတ်ကို သူတို့က ပူဇော်ပသတဲ့ နေရာမှာ သူတို့ ရိုးရာချင်းမတူတဲ့အခါမှာ သူတို့က အဲဒီမှာ ရန်ပွဲအကြီးအကျယ်ဖြစ်ပြီး သူတို့ပြုတ်ထားတဲ့ နွားနောက်သားတွေ အကုန်လုံးပြန့်ကျဲ တယ်လို့ ကြားသိရပါတယ်။ ဤကဲ့သို့ ရန်ပွဲဖြစ်ပြီးမှ ဖလမ်းမြို့ကနေပြီးမှ အုပ်ချုပ်ရေးဌာနတွေလာပြီးမှ ဒုမန်းကျေးရွာမှာ ဆုံးဖြတ်ချက်ချပါတယ်။ အဲဒီဆုံးဖြတ်ချက်ချလိုက်တာကတော့ ဒုမန်းကျေးရွာမှာနေတဲ့ ဝေါန်မျိုးနွယ်စုအားလုံးကို ဇော်လ်ပီးရွာသို့ ပြောင်းခိုင်းပြီး ဇောလ်ပီးရွာမှာနေတဲ့ ဆိမ်မျိုးနွယ်စုတွေ အားလုံးကို ဒုမန်းကျေးရွာမှာ ပြောင်းရွှေ့ဖို့ အမိန့်ချမှတ်ခဲ့ပါတယ်။ အဲဒီလို အမိန့်ချမှတ်တဲ့အခါမှာ ဆိမ်မျိုးနွယ်စုက အဲဒီမှာ ဦးဟရန်သင်ထီးယိုး မဟုတ်တော့ဘဲနဲ့ သူ့သား ဦးဆွန်ကိပ်လျန်က သူကြီးလုပ်ပါတယ်။ အဲဒီလက်ထက်ကျမှ အဲဒီလိုဖြစ်တဲ့ အခါကျတော့ ဦးဆွန်ကိပ်လျန် ကနေပြီးမှ အဲဒီ ဒုမန်းမှာ မနေလိုတော့ဘဲ ဆိမ်မျိုးနွယ်စုအားလုံးကို သူတို့မွေးရာ ဇာတိဖြစ်တဲ့ ဖလမ်းမြို့နားက ခွန်းလီကျေးရွာမှာ အကုန်လုံး အဲဒီမှာ ပြောင်းရွှေ့နေထိုင်ပြီး ဒုမန်းကျေးရွာဟာ ရွာပျက်သဘောနဲ့ ဖြစ်သွားပါတယ်။

အဲဒီအချိန်မှာ ကျွန်တော့်အဖိုး ဦးလှေထန်း ကနေပြီးမှ ဒီရွာပျက်တာတော့ သိပ်မကောင်းဘူး။ ရွာပြန်တည်မှ ဖြစ်မယ်ဆိုပြီးမှ ကျွန်တော်တို့အဲဒီမှာ ဒီစီ ခရိုင်အုပ်ချုပ်ရေးမှူး မစ္စတာဘန်း ဆိုတဲ့ ပုဂ္ဂိုလ်က စစ်ကိုင်းမှာ သူအစည်းအဝေးကနေ ပြန်လာပြီး အရင်တုန်းက ချင်းပြည်နယ်နဲ့ မော်လိုက်ခရိုင်ဟာ စစ်ကိုင်းအုပ်ချုပ်မှု အောက်မှာရှိပါတယ်။ အဲဒီကနေ ပြန်လာတဲ့အခါမှာ ထင်းရှူးစခန်းမှာ ညအိပ်ရပ်နားတဲ့ အချိန်မှာ ကျွန်တော့်အဖိုးကနေပြီးမှ လာပြီး ရွာတောင်းပါတယ်။ အဲဒီရွာကို ပြန်လည်တည်ထောင်ဖို့ တောင်းပါတယ်။ အဲဒီ ဒီစီမစ္စတာဘန်း ကလည်း ပြောပြပါတယ်။ အိမ်ခြေ(၃၀)လောက် ရအောင်လုပ်ပါ။ အဲဒီ(၃၀)လောက် ရအောင်လုပ်လို့ရှိရင် ကျွန်တော်ရွာပေးမယ်ဆိုပြီးမှ ပြောခဲ့ပါတယ်။ အဲဒါနဲ့ ကျွန်တော် အဖိုးကလည်း ရွာကို ပြန်သွားပြီးမှ လူကိုစုဆောင်းပြီးမှ တစ်ရွာဝင်၊ တစ်ရွာထွက် အဲဒီမှာ ပြဿနာ အမျိုးမျိုးတွေ့ခဲ့ပါတယ်။ ဘာပြဿနာလဲဆိုတော့ တစ်ချို့ရွာတွေက သူတို့က အဲဒီတုန်းက ခရီး ထွက်တာ သိပ်မရှိဘူးလို့ဘဲ ဖြစ်လိမ့်မယ်ထင်တယ်။ အဲဒီမှာ သူရောက်လာတဲ့အခါမှာ မင်းက ရောဂါပိုး သယ်တယ် ဆိုပြီးမှ ဒဏ်ငွေရိုက်ထားတာလည်းရှိတယ်။ သူ့ဒဏ်ငွေ ဒင်္ဂါး(၁၀) အဲဒီလို ရိုက်တယ်လို့ ကျွန်တော် ကြားသိပါတယ်။

အဲဒီ တစ်ရွာဝင်တော့ အဲဒီရွာက သူကြီးကနေပြီးမှ ပြဿနာရှာပြီးမှ သူ့ကိုလည်း ဒဏ်ရိုက်သေးတယ်လို့ ပြောပါတယ်။ နောက် အဲဒီလိုနဲ့ ဖြစ်တဲ့အခါကျတော့ တစ်ရွာဝင်၊ တစ်ရွာထွက် ဆိုပေမယ့်လည်းပဲ အဲဒီခေတ် အဲဒီအချိန်အခါတုန်းက ရွာပြောင်းရွှေ့ဖို့ ရွာသူကြီးတွေက ခွင့်မပြုကြဘူး။ တကယ်လို့ ပြောင်းချင်သပဆိုရင်လည်းပဲ သူတို့ရဲ့ ပြောင်းဖူး၊ ဆပ်ဆန်မျိုးစေ့ကို ထားခဲ့ပြီးမှ ပြောင်းနိုင်မယ်ဆိုပြီးမှ အမိန့်ထုတ်ပါတယ်။ အဲဒါနဲ့ ကျွန်တော်အဖိုးကလည်း အဲဒီမှာ သူတို့ စားဖို့ပြောင်းဖူးတွေရှိတဲ့ အခါကျတော့ လာကြပါ၊ မင်းတို့ ရှိတဲ့ဟာကို ထားခဲ့ပါ။ ကိစ္စမရှိဘူး ကျွန်တော်ကျွေးပါ့မယ်ဆိုပြီးမှ အိမ်ထောင် (၃၇)အိမ်ထောင်လောက် ရခဲ့ပါတယ်။ အဲဒီ (၃၇) အိမ်ထောင်ကို ကျွန်တော့်အဘိုးက တစ်နှစ်စာ အခမဲ့ ကျွေးမွေးပါတယ်။ အဲဒီလို ကျွေးမွေးပြီးမှ အဲဒီရွာ အိမ်ခြေ(၃၀) ပြည့်တဲ့အခါမှာ သူက မစ္စတာဘန်းဆီမှ ရွာရဖို့ လျှောက်လွှာတင် ပါတယ်။ အဲဒီ လျှောက်လွှာတင်တဲ့အခါမှာ အဲဒီတုန်းကလည်း တော်တော်လေး လူတွေက တော်တော် လေး လူလည်နေကြပြီလို့ ကျွန်တော် ယူဆပါတယ်။ ဘာလို့လဲဆိုတော့ အဲဒီမှာ ကျွန်တော်တို့ ဝေါနိနယ်မြေဟာ လုံဘန်း ဦးလျူရ်မုန်း အုပ်ချုပ်မှု အောက်မှာ ရှိပါတယ်။ သူက မျိုးနွယ်စု တော့ မတူဘူး။ ဒါပေမဲ့ ကျွန်တော်တို့ မျိုးနွယ်စုထဲကနေ အင်္ဂလိပ်တွေက ဦးလင်းထွန် ဆိုတဲ့ အဖိုးတစ်ယောက်ကို အုပ်ချုပ်ဖို့ ခိုင်းပါတယ်။ ဒါပေမဲ့ သူကမလုပ် ချင်ဘူး။ သူက လွတ်လွတ် လပ်လပ်ပဲ နေချင်ပါတယ်ဆိုတဲ့ အခါကျတော့ အဲဒီ ဦးလျူရ်မုန်း ကို တာဝန်ပေးလာခြင်း ဖြစ်ပါတယ်။

အဲဒါနဲ့ ကျွန်တော်အဖိုးကလည်းပဲ ဦးလျူရ်မုန်း ဆီမှာလာပြီးမှ ကျွန်တော်ရွာလျှောက်ချင်တယ်။ ထောက်ခံပေးပါဆိုတဲ့ အခါကျတော့ ဦးလျူရ်မုန်း က ဘာပြောသလဲဆိုတော့ မင်းရွာတောင်းတယ်ဆိုတာ လက်ချည်း တောင်းလို့မရဘူး ဟုပြောတယ်။ အဲဒီမှာ ကျွန်တော်အဘိုးက ဒင်္ဂါး ပေးရသေးတယ်။ နောက် လျှောက်လွှာရေးတဲ့သူလည်း ပိုက်ဆံပေးရတယ်။ နောက် စကားပြန်ကိုလည်း ပိုက်ဆံပေးရတယ်။ အဲဒီလိုဟာနဲ့ ဖြစ်တဲ့အခါကျတော့ အဘိုးရဲ့ ကုန်ကျစရိတ်နဲ့ သူကျွေးမွေးတဲ့ ရွာသူ/ရွာသားများကို ကျွေးမွေးတဲ့ဟာနဲ့ ကျွန်တော်တွက်ကြည့်လိုက်တော့ အခု ခေတ်ကာလနဲ့ဆို သိန်း(၁၀၀၀၀)ကျော်လောက် ကုန်ကျမယ်လို့ ကျွန်တော်ယူဆပါတယ်။

အဲဒီလို ဖြစ်တဲ့အခါကျမှ မစ္စတာဘမ်း ကနေပြီးမှ ရွာရတဲ့အကြောင်းကို စာထုတ်ပြန်ပါတယ်။ အဲဒီစာကို ရွာရောက်တဲ့အခါမှာ ကျွန်တော်တို့ ရွာမှာရှိတဲ့ အိမ်ခြေ(၃)၊ (၄)ယောက်ကို ကုန်ကျစရိတ် ကျွန်တော်တို့ မျှဝေခံကြရအောင်၊ ရွာကိုလည်း ကျွန်တော်တို့ အားလုံးအပိုင်နဲ့ လုပ်ကြရအောင်ဆိုတဲ့ အခါကျတော့ အဲဒီကျန်တဲ့ ရွာကလူတွေက ဦးလှေထန်း ကပဲ ယူလိုက်ပါ။ ရွာကိုလည်း ဦးလှေထန်း နာမည်နဲ့ပဲ လုပ်လိုက်ပါဆိုတဲ့အခါကျတော့ ဦးလှေထန်း ကလည်း မတတ်နိုင်တဲ့ နောက်ဆုံး သူ့ရွာအဖြစ် သဘောတူလက်ခံတဲ့အတွက်ကြောင့် အဲဒီကစပြီး အဲဒီလို ငွေကုန်ကြေးကျနှင့် သူပင်ပန်း၊ လုပ်အားတွေနှင့် စိုက်တဲ့ရွာဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်ဘိုးဘွားပိုင်ပါ ဆိုပြီးမှ ကျွန်တော်ပြောဆိုခြင်း ဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်ပြီး ကျွန်တော်မေးခွန်းထဲမှာ ပါတဲ့ဟာကျတော့ ကျွန်တော်တို့ သစ်တောဌာနက နေ ကျွန်တော်တို့ ရွာမှာ အဲဒီ ဒုမန်းကျေးရွာမှာ ထင်းရှူးပင်စိုက်တာတော့ ကောင်းပါတယ်။ ဒါပေမဲ့ ကျွန်တော်ရောက်တဲ့ အခါမှာ ထင်းရှူးပင်က နေရာတကာမှာ စိုက်လို့ရတာ မဟုတ်ပါဘူး။ သူက တောင် ထိပ် ပေ(၆၀၀၀)ဝန်းကျင်လောက်မှာ စိုက်တဲ့အခါကျတော့ အပင်က ထိုးထိုးထောင်ထောင် မထောင် တက်ဘဲနဲ့ ဖွာပြီးမှ အကိုင်းကနည်းနည်းဘေးကိုဖွာပြီးမှ အပင်ကလည်း ဟုတ်တိပတ်တိ ဖြစ်မလာ ဘူးဆိုတော့ ကျွန်တော်ကြည့်လိုက်တော့ အဲဒီနေရာကြီးမှာ စိုက်တယ်ဆိုတာ အစိုးရဘဏ္ဍာငွေ ဖြုန်းတီး တာနဲ့ တူပါတယ်ဆိုပြီးတော့ ကျွန်တော်ယူဆမိပါတယ်။

နောက် ဒီ တောင်ယာကွက်ထဲမှာ ကျွန်တော်မေးခွန်းထဲမှာပါတဲ့အတိုင်း တောင်ယာကွက်ထဲမှာ ကျူးကျော်စိုက်တယ်ဆိုတဲ့ဟာလည်း ဒီ ကားလမ်းဘေးနားမှာနေတဲ့ယောင်လေးဆိုတဲ့နေရာ၊ ရွာသား တွေက သူတို့ ပယောဂလည်းပါတယ်။ နောက် သစ်တောကလည်း လိုက်လျောတယ်။ ဘယ်လိုဖြစ်သလဲ ဆိုတော့ သူတို့က ကော်ဖီ၊ မုန်လာထုပ် စိုက်ချင်တယ်။ စိုက်ချင်တဲ့အခါကျတော့ မြေကွက်လပ်က သိပ် မရှိတဲ့ အခါကျတော့ သူတို့ ထင်းရှူးပင်စိုက်မယ့်နေရာကို အဲဒီတောင်ယာကွက်ကိုပဲ သူတို့လက်ညှိုး ညွှန်ပြီးတော့မှ အဲဒီ သစ်တောဌာနကလည်း လိုက်ရောပြီးတော့မှ သူတို့က တောခုတ်ရှင်းလင်းပြီးတော့မှ စိုက်ကြတယ်။ တောခုတ်ရှင်းလင်းတာက အဲဒီ ယောင်လေးရွာသားတွေက ခုတ်ပေးပါတယ်။ သူတို့ ကတော့ ပိုက်ဆံမရဘူး။ ပိုက်ဆံကတော့ သူတို့က သစ်တောဌာနကလည်း ပိုက်ဆံတင်တောင်း သလား၊ မတောင်းဘူးလားတော့ မသိဘူး။ အဲဒီလိုနဲ့ အဲဒီလိုဖြစ်တဲ့အခါကျတော့ ကျွန်တော် ဒီသစ်တော ဌာနကဖြစ်ဖြစ် အများအားဖြင့် အစိုးရဌာနဆိုင်ရာဝန်ထမ်းများ ဒုမန်းကျေးရွာကိုလာတဲ့ အခါမှာ ဒုမန်းကအောက်မှာ (၃)၊ (၄)မိုင်လောက် ဝေးကွာတဲ့ နေရာမှာရှိတဲ့ အခါကျတော့ အဲဒီမှာ မလာဘဲနဲ့ အဲဒီက ယောင်လေးကလူ တွေနဲ့ပဲ တွေ့တဲ့အခါကျတော့ ယောင်လေးကလူတွေနဲ့ အဲဒီလိုနဲ့ပဲ ကိစ္စဝိစ္စ တွေ အကုန်လုံးပြီးဆုံးတဲ့ အပိုင်းမှာ ရှိပါတယ်။

အဲဒီလိုဆိုတော့ ဒီ ယောင်လေးကရွာတွေရဲ့ ပယောဂလည်း ပါတဲ့အတွက်ကြောင့် ကျွန်တော် တို့ ဒုမန်းကျေးရွာရဲ့ တောင်ကုန်းဒေသ၊ တောတောင်တွေအားလုံးဟာ အကုန်လုံးနီးပါး အခုတောင်ကတုံး တွေဖြစ်နေပါပြီ ဆိုတော့ ကျွန်တော်တို့ ရွာကလည်း မသိလိုက်ဘူး။ ယောင်လေးရွာကလည်း အဲဒီလိုနဲ့ လုပ်လိုက်တဲ့အခါကျတော့ ရွာကမသိဘူး။ အဲဒီလိုနဲ့ တောင်တွေက ကတုံးမဖြစ်သင့်ဘဲ တောင်ကတုံးတွေ ဖြစ်သွားတယ်။ အဲဒီ တောင်ထိပ်နေရာမှာ တကယ်လို့ သစ်တောဌာနကနေ စိုက်ချင်သပဆိုရင် အဲဒီမှာ အရင်တုန်းက ပေါက်ရောက်ခဲ့တဲ့ စကားဝါပင်တို့၊ နောက် ကျွန်တော်တို့ တောင်ပေါ်ကျွန်းဆိုတဲ့ဟာတွေ အဲဒီတွေအပင်လေးတွေကို ပြန်စိုက်လို့ရှိရင် ဖြစ်လာမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဒါပေမယ့်

အခုအခါ ထင်းရှူးပင် စိုက်တဲ့အခါကျတော့ အပင်ကဖြစ်မလာဘူးဆိုတော့ အဲဒီလိုနဲ့ တောင်ကတုံးဖြစ်လာတယ်။

နောက်တစ်ခုဖြစ်တာက အခု ဒုမန်းကျေးရွာကလည်း တောင်ကုန်းမြင့်မှာ သူတို့တောင်ယာတွေ မလုပ်တော့ဘဲနဲ့ မြေပြန့်သည့် ရွာအနီးအနားမှာပဲ ရေပန်းလုပ်ပြီးမှ ကျွန်တော်တို့ အားလူးတို့၊ ပြောင်းဖူးတို့၊ ဟင်းသီးဟင်းရွက်တွေ စိုက်ပြီး သူတို့ စီးပွားရှာပြီးမှ ဝမ်းစာအတွက်လုပ်ကြပါတယ်။ အဲဒီမှာ သစ်တောဌာနက ဘယ်လိုဖြစ်လာပြန်သလဲဆိုတော့ ၂၀၁၄ ဖေဖော်ဝါရီလတုန်းမှာ ဒီ ဒုမန်းကျေးရွာအနားတစ်ဝိုက်မှာ သူက ဒုမန်းကျေးရွာမှ တည်ထောင်မယ့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်စိုက်ခင်း (၁၂၇) ဧက တည်ထောင်ခွင့်ပြုရန် လျှောက်လွှာနဲ့ အုပ်စုလုပ်ကိုင်မှု စီမံချက်ဆိုပြီးမှ ဒါ သစ်တောဌာနက တစ်ဖန်လုပ်ပြန်ပါတယ်။ အဲဒီမှာ ကျွန်တော်ရောက်တဲ့ အချိန်မှာ အဲဒီအနိမ့်ပိုင်းမှာဆိုရင်တော့ ဝက်သစ်ချတို့၊ ကျွန်တော်တို့ ဒီမှာ ထင်းလောင်စာအဖြစ် စိုက်နိုင်တဲ့ သစ်ပင်က အများကြီးရှိတယ်။ အဲဒါတွေကို ရှိရဲ့သားတဲ့ သူတို့က မယ်ဇလီပင်တို့၊ နောက် တစ်ခြားအပင်တွေကို အစားထိုးစိုက်မယ် ထင်းလောင်စာအဖြစ်စိုက်မယ်။ အဲဒီ ထွက်ရှိလာတဲ့ဟာကို ကျွန်တော်တို့ လုံဘန်းရွာတို့၊ ဗားလုံတို့မှာ သူကသွားရောင်းမယ်ဆိုပြီးမှ သူတို့ စီမံချက်ချပါတယ်။ အဲဒီနေရာမှာလည်း သူတို့စိုက်ခင်းလုပ်တဲ့နေရာမှာ သစ်တောဌာနကနေပြီးမှ အဲဒီလိုပဲ လုပ်ပြန်တဲ့အခါကျ ကျွန်တော်အံ့သြပါတယ်။ တစ်ခြားနေရာ တောင်ကတုံးတွေ အများကြီးရှိပါတယ်။ ဒါပေမဲ့ ဒုမန်းကျေးရွာကိုပဲ ဘာဖြစ်လို့ မဲပြီးတော့ လုပ်နေတာလဲလို့ ကျွန်တော်အံ့သြမိပါတယ်။

အဲဒါကြောင့် ကျွန်တော်မေးခွန်းထဲမှာလည်း ကျူးကျော်ဆိုပြီးတော့ နည်းနည်း ခပ်ရိုင်းရိုင်းပေါ့နော် ပြောရရင် ကျွန်တော်ရေးထားခြင်း ဖြစ်ပါတယ်။ အဲဒါကိုလည်း အားလုံးကနေပြီးမှ ခွင့်လွှတ်နားလည်ပေးကြပါ။ အဲဒါကြောင့် ကျွန်တော် မေးခွန်းပါအတိုင်း ကျွန်တော်တို့ ဖလမ်းမြို့နယ်၊ ဒုမန်းကျေးရွာ ဘိုးဘွားပိုင် တောင်ယာကွက်တွင် သစ်တောဌာနမှ ထင်းရှူးပင်များ ကျူးကျော်စိုက်ပျိုးနေခြင်းကို ပြန်လည် ရုပ်သိမ်းပေးရန် အစီအစဉ် ရှိ/မရှိကို ကျွန်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၂။**

**ဦးအေးမြင့်မောင် (ဒုတိယဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ဖြစ်ပါတယ်။ ချင်းပြည်နယ် အမှတ်(၁) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျွန်ခဲန်း ရဲ့ မေးခွန်းအပေါ်မှာ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနဟာ ၁၉၉၂ ခုနှစ်၊ သစ်တော ဥပဒေပုဒ်မ ၄ ပါ ပြဌာန်းချက်နဲ့အညီ သဘာဝတောတောင်ရေမြေတို့ကို ထိန်းသိမ်းကာကွယ်ရန်နဲ့ သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရန် အလို့ငှာ အစိုးရအဖွဲ့ရဲ့ သဘောတူညီ ချက်နဲ့ ဖလမ်းခရိုင်မှာ ဧရိယာအကျယ်အဝန်း (၄၀၂၆၇)ဧကရှိတဲ့ ဒုမန်းကြိုးပြင်ကာကွယ်တောကို ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၀၂ ဖြင့် ဖွဲ့စည်းခဲ့ပါတယ်။ ဒုမန်း ကြိုးပြင်ကာကွယ်တောဟာ ဖလမ်းမြို့နယ်အပိုင်းမှာ (၃၂၅၈၇)ဧက၊ တီးတိန်မြို့နယ်အပိုင်းမှာ (၇၆၈၀) ဧက ပါဝင်နေပြီးတော့ ဖွဲ့စည်းစဉ်ကပင် ဖလမ်းမြို့နယ်အပိုင်းရှိ ဒုမန်းကြိုးပြင်ကာကွယ်တော အတွင်း နေထိုင်လျက်ရှိတဲ့ ဒုမန်း၊ ဇောလ်ပီး၊ တိမ်နီယန်၊ နိမ်ဇောလ်၊ ကောလ်ဖန်း၊ သီးဆဲင်၊ ပြားလုံ၊ ကျေးရွာ (၇)ရွာမှ ဒေသခံတောင်သူ (၁၇၇၁)ဦးတို့ရဲ့ ဆိုင်ရာဆိုင်ခွင့် အခွင့်အရေး တောင်းဆိုခဲ့မှုအရ တောင်ယာ (၁၄၃၇)ဧက၊ ခြံမြေ(၁၉.၂၅)ဧက၊ စုစုပေါင်း (၁၄၅၆.၂၅)ဧကကို ဒုမန်းကြိုးပြင်ကာကွယ်တောမြေ အတွင်းမှ ချန်လှပ်ပြီး တောင်ယာနဲ့ ခြံမြေများကို ဆက်လက်လုပ်ကိုင်ခွင့် ပြုခဲ့ပြီး ဖြစ်ပါတယ်။

ထိုသို့ ချန်လှပ်ခွင့်ပြုခဲ့တဲ့ ဧရိယာအတွင်း ဒုမန်းကျေးရွာနေ ဦးဗျက်လျန် ပါ တောင်သူ(၅၀၃) ဦးရဲ့ တောင်းဆိုချက်အရ တောင်ယာ (၅၂၄)ဧကနဲ့ ခြံမြေ(၁၉.၂၅)ဧကကိုလည်း ထပ်မံချန်လှပ်ခွင့်ပြုခဲ့ ပါတယ်။ နိုင်ငံတော်သမ္မတရုံးရဲ့ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်၊ ရက်စွဲပါစာနဲ့ ညွှန်ကြားချက်အရ သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ အတွင်းမှာ နှစ်ကာလကြာရှည်စွာ အခြေချနေထိုင်ခဲ့ကြတဲ့ ဒေသခံပြည်သူများရဲ့ ကျေးရွာ၊ လယ်မြေ၊ သာသနာမြေနဲ့ အများပိုင်မြေများကို သစ်တောမြေအဖြစ်မှ ပယ်ဖျက်ရန်နှင့် ယာမြေများကို ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော တည်ထောင်ရန် လမ်းညွှန်ချက် အရ ဒုမန်း ကြိုးပြင်ကာကွယ်တော အတွင်းမှာရှိတဲ့ အိမ်ခြေ(၅၀)နှင့်အထက် ပြည်ထဲရေးအမည်ပေါက် ဒုမန်း ကျေးရွာရှိ ရွာမြေ(၁၂)ဧက၊ သာသနာမြေနဲ့ အများပိုင်မြေ (၁၀.၆)ဧက၊ သီးဆဲင်ကျေးရွာရှိ ရွာမြေ (၃၆.၆၃)ဧက၊ သာသနာမြေနဲ့ အများပိုင်မြေ (၇.၀၅)ဧက စုစုပေါင်း(၆၆.၂၈)ဧကကို ကျွန်တော်တို့ ဝန်ကြီး ဌာနရဲ့ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာ ၁၃ ရက်၊ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၀၅/၂၀၁၃)နဲ့ သစ်တော မြေအဖြစ်မှ ပယ်ဖျက်ပေးခဲ့ပြီး ဖြစ်ပါတယ်။

ဆက်လက်၍လည်း ဒုမန်းကြိုးပြင်ကာကွယ်တော အတွင်းမှာရှိတဲ့ အိမ်ခြေ(၅၀)နှင့်အောက် ပြည်ထဲရေးအမည်ပေါက် ကောလ်ဖန်း၊ နိမ်ဇောလ်၊ ဇောလ်ပီး၊ ကင်ညောင်၊ ကျေးရွာ(၄)ရွာရဲ့ ရွာမြေ (၂၃.၆၃)ဧက နဲ့ သာသနာနဲ့ အများပိုင်မြေ (၁၂.၀၉)ဧက၊ စုစုပေါင်း (၃၅.၇)ဧကကို သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၀၂ ခုနှစ်၊ ဒုမန်းကြိုးပြင်ကာကွယ်တော စတင်ဖွဲ့စည်းစဉ် အချိန်ကပင် ဒေသခံများရဲ့ တောင်းဆိုမှုအရ ယာမြေ၊ ခြံမြေ ဆိုင်ရာဆိုင်ခွင့် အခွင့် အရေးများကို ခွင့်ပြုပေးခဲ့ပြီးလည်း ဖြစ်ပါတယ်။ ဒီနောက်ပိုင်းမှာ ဝင်ရောက်စိုက်ပျိုးခဲ့တဲ့ ကျူးကျော် ဝင်ရောက် စိုက်ပျိုးခဲ့တဲ့ ယာ (၁၉၀)ဧကအနက် ၂၀၁၄-၂၀၁၅ မှာ ယာမြေ (၁၂၇)ဧကကို သီးနှံရောနှော သစ်တော ထူထောင်ဖို့အတွက် မျောက်ငို၊ ယူကလစ်စတဲ့ သစ်မျိုးနဲ့ ဒေသခံ ပြည်သူများလိုအပ်တဲ့ သီးနှံ များကို ရောနှောတဲ့ သီးနှံရောနှော သစ်တောစိုက်ခင်းကို ထူထောင်ပြီး ဒေသခံအစုအဖွဲ့ပိုင် သစ်တော လုပ်ငန်းအဖြစ် နှစ်(၃၀) ခွင့်ပြု လုပ်ကိုင်ခွင့် ပေးခဲ့ပြီး ဖြစ်ပါတယ်။

ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ၂၀၀၂ ခုနှစ်၊ ဒုမန်းကြိုးပြင်ကာကွယ်တော စတင်ဖွဲ့စည်းစဉ် ကပင် ဒုမန်းကျေးရွာ ဒေသခံကျေးရွာသားများ ဆိုင်ရာဆိုင်ခွင့် အခွင့်အရေးပေးအပ်ခဲ့သည့် တောင်ယာ၊

ခြံမြေ လုပ်ကွက်များနှင့် လွတ်ကင်းတဲ့ ဒုမန်းကြိုးပြင်ကာကွယ်တောအတွင်း သစ်တောဖုံးလွှမ်းမှုနှင့် တော အဆင့်အတန်း တိုးတက်ကောင်းမွန်စေရန်နှင့် သက်ဆိုင်ရာ နယ်မြေဒေသအတွင်း ရာသီဥတု ညီညွတ် မျှတစေရန် ၂၀၁၀ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ နိုင်ငံတော်ရဲ့ ငွေလုံးငွေရင်းမှ ထင်းရှူးစိုက်ခင်း (၂၅၀)ဧက ကို တည်ထောင်စိုက်ပျိုးခဲ့ခြင်း ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ နိုင်ငံတော်ရဲ့ဘဏ္ဍာငွေ ငွေလုံးငွေရင်းမှ စိုက်ပျိုးခဲ့တဲ့ နှစ်ရှည်ရင်းနှီး မြှုပ်နှံမှုဖြစ်တဲ့ ထင်းရှူးစိုက်ခင်းများကို ပြန်လည်ရုပ်သိမ်းပေးရန် အစီအစဉ် မရှိပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယ ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မြန်မာ့လေကြောင်းလောက တိုးတက်စေရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိသည့် ဝန်ကြီးဌာနအနေဖြင့် မြန်မာ့လေကြောင်း မူဝါဒ (MYANMAR AVIATION POLICY) တစ်ရပ်ချမှတ် ဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင် က မြန်မာ့လေကြောင်းလောက တိုးတက်စေရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသည့် ဝန်ကြီးဌာနအနေဖြင့် မြန်မာ့လေကြောင်း မူဝါဒ (MYANMAR AVIATION POLICY) တစ်ရပ်ချမှတ် ဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးကို အမှူးထားပြီးတော့ ကြွရောက်လာကြတဲ့ ပြည်ထောင်စုအဆင့် ဒုတိယ ဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင် ပညာရှင်ကြီးများနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား အားလုံးကို မင်္ဂလာပါလို့ နှုတ်ဆက်ရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်တင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မေးမြန်းမယ့် မေးခွန်းကတော့ မြန်မာ့လေကြောင်းလောက တိုးတက်စေရန် အတွက် သက်ဆိုင်ရာတာဝန်ရှိသည့် ဝန်ကြီးဌာန အနေဖြင့် မြန်မာ့လေကြောင်း မူဝါဒ (MYANMAR AVIATION POLICY)တစ်ရပ် ချမှတ်ဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း ဖြစ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အင်္ဂလိပ်စာအသုံးအနှုန်း အနည်းငယ်ပါရှိသည်ကို ခွင့်လွှတ်ပေးပါရန် ပန်ကြားအပ်ပါတယ်။ ကျွန်တော်တို့ အစိုးရလက်ထက်မှာ ပြုပြင်ပြောင်းလဲမှု Policy တွေ၊ နောက် ကျွန်တော်တို့ရဲ့ လွှတ်တော်ကြီးများကနေပြီးတော့ ဥပဒေပြုမှုတွေကြောင့် မြန်မာနိုင်ငံဟာ ဘက်စုံက

တိုးတက်လျက် ရှိပါတယ်။ အဲဒီအထဲမှာ တိုးတက်လာတဲ့ အပိုင်းတစ်ပိုင်းကတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့လေကြောင်း လောကကလည်း သိသိသာသာတိုးတက်လာပါတယ်။ ကျွန်တော်တို့ ယခင်က လေကြောင်းလိုင်း (၂)ခု၊ (၃)ခုရှိရာက ပြည်တွင်းလေကြောင်းလိုင်း ယခုဆို (၁၁)ခုလောက် ကျွန်တော်တို့ ဖြစ်လာတယ်။ အဲဒီလို တိုးတက်လာပါတယ်။ ဒါပေမယ့်လို့ ကျွန်တော်တို့ နောင် အရှည်သဖြင့် တိုးတက်အောင် ဒီထက်ပိုပြီးတော့ အောင်မြင်အောင်အတွက် ကျွန်တော်တို့ မြန်မာ့လေကြောင်း မူဝါဒပေါ့ (MYANMAR AVIATION POLICY) တစ်ရပ်ကို ချမှတ်ဆောင်ရွက်မယ် ဆိုလို့ရှိရင်တော့ ပိုပြီးတော့ ပီပြင်မယ်၊ အောင်မြင်မယ်လို့ ကျွန်တော့်အနေနဲ့ ယူဆတဲ့အတွက်ကြောင့် ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။

ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ လောလောဆယ် မြန်မာပိုင်ပေါ့လေ၊ မြန်မာတွေချည်းပဲ ပိုင်တာရှိတယ်။ ဖက်စပ်ပိုင်တာရှိတယ်။ အဲဒီလေကြောင်းလိုင်းတွေအားလုံးဟာ ကျွန်တော်တို့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် Slide နဲ့ အနည်းငယ်တင်ပြဖို့ ခွင့်ပြုပါ။ အဲဒီမှာကြည့်လို့ရှိရင် ကျွန်တော်တို့ Yangon Airways မှာ လေယာဉ်တွေဟာ AirLine တစ်ခုတစ်ခုမှာ (၂)စီး၊ (၃)စီး၊ (၄)စီး စသည်ဖြင့် ပေါ့လေ၊ လေယာဉ်အနည်းငယ်သာ ရှိတာတွေ့ရပါတယ်။ ဥပမာ Yangon Airway မှာဆိုလို့ရှိရင် လေယာဉ်(၃)စီး၊ နောက် Air Mandalay (၃)စီး၊ Air ကမ္ဘောဇက နည်းနည်းများတယ် (၈)စီး၊ Air ပုဂံ (၂)စီး၊ FMI ဆို ယခင်တုန်းကမရှိဘူး။ အခုတော့ ဝယ်တယ်လို့ ကျွန်တော်တို့ ကြားရပါတယ်။ နောက် Golden Myanmar Air Lines က (၃)စီး၊ မန်းရတနာပုံ Air Lines က (၂)စီး၊ Asian Wings က (၃)စီး၊ ဟိုတစ်လောကပဲ ကျွန်တော်တို့ အလံတင်လေကြောင်းဖြစ်တဲ့ မြန်မာ့အမျိုးသားလေကြောင်း၊ ကျွန်တော်တို့ လွှတ်တော်ကနေပြီး အတည်ပြုပေးလိုက်တဲ့ လေကြောင်း၊ အဲဒီလေကြောင်းလိုင်းကတော့ ကျွန်တော်တို့ National FLAG Carrier လည်း ဖြစ်တဲ့အတွက်ကြောင့် (၉)စီးရှိပါတယ်။ နောက် မြန်မာနိုင်ငံတကာလေကြောင်း၊ Myanmar Airway International (၄)စီးရှိပါတယ်။

ဒီ လေကြောင်းလိုင်းတွေဟာ တချို့လည်း နိုင်ငံတော်ပိုင်၊ တချို့လည်း မြန်မာအမျိုးသားတွေပိုင်တယ်။ တချို့လည်း ဖက်စပ်ပေါ့လေ၊ အဲဒီလို အသီးသီးပိုင်ဆိုင်ကြတဲ့ မြန်မာပိုင်လေကြောင်းလိုင်းလို့ ကျွန်တော်တို့ ပြောလို့ရပါတယ်။ အဲဒီလိုရှိတဲ့ အခါမှာ ကျွန်တော်တို့ ဘာအားနည်းချက်ရှိသလည်းဆိုတော့ ဒီလေကြောင်းလိုင်းတွေက လေကြောင်းလိုင်း တစ်ခုတစ်ခုမှာ လေယာဉ်လေး(၃)စီး၊ (၄)စီး ဒီလောက်ပဲ ရှိတဲ့အခါကျတော့ ၂၀၁၅ မှာ ကျွန်တော်တို့ ဥက္ကဋ္ဌကြီးခင်ဗျား။ ASEAN Open Sky Policy ဆိုတာ လက်မှတ်ထိုးထားပါတယ်။ အကြမ်းဖျဉ်းကတော့ အားလုံးက သဘောတူထားကြတယ်။ ဒါပေမယ့် တိတိကျကျကြီးတော့ မဖြစ်သေးဘူးပေါ့။ အဲဒီလိုဖြစ်လာလို့ရှိရင် ကျွန်တော်တို့ လေကြောင်းလိုင်းတွေက ဒီလိုသာ (၂)စီး၊ (၃)စီး၊ (၄)စီး စသည်ဖြင့် လေကြောင်းလိုင်း အသေးလေးတွေဟာ (Open Sky Policy)နဲ့ဆိုရင် ကျွန်တော်တို့ ပြုတ်ကုန်ပါလိမ့်မယ်။ Open Sky Policy အရဆိုလို့ရှိရင် ကျွန်တော်တို့ အာဆီယံထဲမှာရှိတဲ့ လေကြောင်းလိုင်းကြီးတွေဟာ ပြည်တွင်းမှာလည်း ဝင်ဆွဲခွင့်ကို ကျွန်တော်တို့ တောင်းခံလာနိုင်တာပေါ့။ အဲလိုအချိန်မှာဆိုရင် ကျွန်တော်တို့ Region မှာပြိုင်ဖို့မပြောနဲ့ ပြည်တွင်းမှာတောင် ကျွန်တော်တို့လေကြောင်းလိုင်းတွေက ပြိုင်နိုင်မှာမဟုတ်ဘူး။ ဒါကြောင့်မို့လို့ ဒီ ကျွန်တော့်အနေနဲ့က ဒီလိုလေကြောင်းလိုင်းလေးတွေဟာ တစ်လိုင်း၊တစ်လိုင်းမှာ (၃)စီး၊(၄)စီး စသည်ဖြင့် အဲလိုရှိနေရာကနေပြီးတော့ ဘယ်လိုပေါင်းစည်းမလည်းဆိုတဲ့ Merger လို့ခေါ်တဲ့ ပေါင်းစည်းမှု အစီအစဉ်တစ်ရပ်ကို ကျွန်တော်တို့ Air Policy တစ်ရပ်အနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနပေါ့၊ နိုင်ငံတော်

အစိုးရကနေပြီး ဆောင်ရွက်ပေးမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ လေကြောင်းလိုင်းတွေဟာ နည်းနည်း တောင့်ခံနိုင်တဲ့ အပိုင်း ရှိပါတယ်။ ဘာကြောင့်လည်းဆိုတော့ ကျွန်တော်တို့ ဒီ Open Sky Policy ရတာ ၂၀၁၅ ဆိုတာ အခုဒီနှစ်ပဲ၊ ဒီနှစ် ကုန်လောက်ဖြစ်လာတော့မယ်။ အဲဒီတော့ ကျွန်တော်တို့ တစ်ခုလုပ်လို့ရ တာကတော့ ဒီ၂၀၁၅ ကနေပြီးတော့ ကျွန်တော်တို့ CLMV ပေါ့၊ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထူးသဖြင့် အဲဒီနိုင်ငံတွေကနေပြီးတော့ ၂၀၁၅ ကနေပြီးတော့ (၃)နှစ် လောက် Defer ရွှေ့ပေးပါ။ ၂၀၁၈ ထိဆိုပြီးတော့ ကျွန်တော်တို့ နိုင်ငံတော်အစိုးရ သက်ဆိုင်ရာဝန်ကြီး ဌာန ကနေပြီးတော့ ဒီအာဆီယံမှာ တင်ပြဆွေးနွေးမယ်ဆိုလို့ရှိရင် ဒါဖြစ်နိုင်ပါတယ်။ နောက်တစ်ပိုင်းက တော့ ကျွန်တော် ဒီ တင်ပြချင်တာ၊ မေးမြန်းချင်တာကတော့ လေယာဉ်မှူးနဲ့ လေကြောင်းအင်ဂျင်နီယာ တွေကိစ္စ၊ ကျွန်တော်တို့ ဒီလေကြောင်းတွေမှာ ဆိုလို့ရှိရင် ဒီလိုလေကြောင်းလိုင်းတွေများလာခြင်းအားဖြင့် လေယာဉ်မှူးတွေ၊ အင်ဂျင်နီယာတွေဟာ ရှားပါးလာပါတယ်။ အဲဒီမှာ ဘာဖြစ်လဲဆို နဂိုက ကျွန်တော်တို့ အထူးသဖြင့် လေကြောင်းလိုင်းတစ်ခုက Train လုပ်ထားတဲ့ လေယာဉ်မှူးကြီးတွေကို ကျန်တဲ့ Air Lines တွေက၊ လစာတွေအများကြီးပေးပြီးတော့ ခေါ်ကြပါတယ်။ အဲလို Air Lines တွေ များခြင်းအားဖြင့် အပြိုင် အဆိုင်ခေါ်တဲ့အတွက်ကြောင့် ဒါလည်း ခရီးသွားလုပ်သားပြည်သူတွေ ကြားမှာပါ။ ကျွန်တော်တို့ လေယာဉ်မှူးတွေ၊ ပိုင်းလော့တွေ၊ နောက်အင်ဂျင်နီယာတွေ လစာတွေက မတန်တဆတွေဖြစ်ပြီးတော့ ကျွန်တော်တို့ ဘယ်မှာသွားပြီးတော့ ဝန်ထုပ်ဝန်ပိုးဖြစ်လဲဆိုတော့၊ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ လေကြောင်း ခရီးသည်တွေမှာပဲ သွားတာဝန်ဖြစ်ပါတယ်။

အဲလို အင်ဂျင်နီယာတွေ၊ ပိုင်းလော့တွေကို လစာတွေ အများကြီး ပိုပေးရတဲ့အတွက်ကြောင့် ကုန်ကျစရိတ်တွေများလာတယ်။ အဲဒါကြောင့်မို့လို့ ဘယ်ပေါ်သွားတင်လိုက်သလဲဆို Air Ticket ပေါ်မှာပဲ သွားပြီးတော့ ကျွန်တော်တို့ ဒါလေကြောင်းလိုင်းတွေက တင်လိုက်တာပေါ့၊ တင်လိုက်လို့ရှိရင် လေကြောင်း ခရီးသွားတွေက ပိုပြီးတော့ ခံရပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့က ဒီနေ့ မေးခွန်းမေးတဲ့ အချိန်မှာ ဟို မေးခွန်း(၄)ခု ကျွန်တော် ပြုစုထားပါတယ်။

အဲဒါကတော့ ဘာလည်းဆိုတော့ ၂၀၁၅ ASEAN Open Sky Policy ကျင့်သုံးတဲ့အခါမှာ ဖွံ့ဖြိုးမှု နောက်ကျနေတဲ့ CLMV နိုင်ငံတွေကို ၂၀၁၈ အထိ (၃)နှစ်တာ ကာလဆိုင်းငံ့ပေးရန် သက်ဆိုင်ရာ နိုင်ငံများနဲ့ ညှိနှိုင်း၍ တောင်းဆိုသွားရန် အစီအစဉ်ရှိ/မရှိ၊ (ခ) ထိုသို့ အာဆီယံ Open Sky Policy ဖြစ်လာတဲ့အခါမှာ တခြားနိုင်ငံများမှလေကြောင်းလိုင်းများကို ယှဉ်ပြိုင်နိုင်ရန် မြန်မာနိုင်ငံရှိ လေကြောင်း လိုင်းများအနေဖြင့် ပူးပေါင်း Merger လုပ်ကြစေရန် တိုက်တွန်းပေးသွားရန် အစီအစဉ် ရှိ/မရှိ၊ (ဂ)အနေ နဲ့ လေယာဉ်မှူးများဟာ လေကြောင်းအင်ဂျင်နီယာများကို လေကြောင်းလိုင်းတစ်ခုနှင့်တစ်ခု အပြိုင်အဆိုင် လစာနှင့်စရိတ်များ တိုးမြှင့်ပေးပြီးခေါ်ယူခြင်းမပြုရန်၊ သက်ဆိုင်ရာမှ တိုက်တွန်းဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိ၊ (ဃ)ကတော့ မြန်မာပိုင်လေကြောင်းလိုင်းများအနေနှင့် နိုင်ငံတကာရှိ အခြေကျပြီး ခိုင်မာတောင့်တင်းသော လေကြောင်းလိုင်းများအဖြစ် ပူးပေါင်းသွားရေး တွန်းအားပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**လားရှိုးလေဆိပ်တွင် ခရီးသည်နားနေဆောင်၊ လေယာဉ်ပြေးလမ်း၊ လေယာဉ်ရပ်နားရန်နေရာနှင့် ခရီးသည် နားနေဆောင် အဆောက်အအုံ အဝင်လမ်းနှင့် ကားရပ်နားရန် နေရာများ အကောင်အထည် ဖော် ဆောင်ရွက်မည့် အစီအစဉ်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းစံမင်း က လားရှိုး လေဆိပ်တွင် ခရီးသည်နားနေဆောင်၊ လေယာဉ်ပြေးလမ်း၊ လေယာဉ်ရပ်နားရန်နေရာနှင့် ခရီးသည် နားနေဆောင် အဆောက်အအုံ အဝင်လမ်းနှင့် ကားရပ်နားရန် နေရာများ အကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဦးစိုင်းစံမင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းနဲ့ မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) လားရှိုးမြို့က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံမင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနကို မေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့တွင်ရှိသော ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်း ပို့ဆောင် ရေး ညွှန်ကြားရေးမှူးဦးစီးဌာန၊ လားရှိုးလေဆိပ်သည် ဒုတိယကမ္ဘာစစ် မတိုင်မီကတည်းက တည်ရှိခဲ့ သော လေဆိပ်တစ်ခုဖြစ်ပါတယ်။ ၁၉၅၂ ခုနှစ် နောက်ပိုင်းကာလတွင် ခရီးသည်သယ်ယူပို့ဆောင်ရေး အနေနဲ့ ဒါကိုတာလေယာဉ်ဖြင့် စတင်ပြေးဆွဲခဲ့ကြောင်း သိရှိရပါတယ်။

ပြေးလမ်းအမျိုးအစားမှာ ကျောက်ခင်းကတ္တရာအမျိုးအစားဖြစ်ပြီး လက်ရှိအလျား (၅၂၃၀) ပေ၊ အနံ(၁၀၀)ပေရှည်လျားသော ပြေးလမ်းဖြစ်ပါတယ်ခင်ဗျား။ လေယာဉ်ရပ်နားရန်နေရာ (၂၇၀ ပေ x ၈၀၀ ပေ)ဧရိယာ အကျယ်အဝန်းရှိပြီး ယနေ့လက်ရှိ ပြေးဆွဲနေသော လေယာဉ်အမျိုးအစားဖြစ်တဲ့ ATR-72 (၅)စီးမှ(၆)စီးခန့် ရပ်နားနိုင်တဲ့ ဧရိယာဖြစ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့လားရှိုးလေဆိပ်သို့ဆင်းသက်ပြီး ခရီးသွားပြည်သူများ သယ်ယူပို့ ဆောင်ပေးနေသော လေကြောင်းလိုင်း(၅)ခုရှိပါတယ်။ ၎င်းတို့မှာ မြန်မာ့လေကြောင်းလိုင်း၊ Asian Wings၊ ရန်ကုန် Airways၊ ကမ္ဘောဇလေကြောင်း၊ Golden Myanmar လေကြောင်းလိုင်း တို့ဖြစ်ပါ တယ်။ လာမယ့် မေလဆန်းကျရင် မန်းရတနာပုံလေကြောင်းလိုင်းကပါ ဆက်လက်ပြီး တိုးချဲ့ပျံသန်းဖို့ စီစဉ်ပြေးဆွဲမယ့်အကြောင်း ကြားသိရပါတယ်ခင်ဗျား။ အဲဒီလေကြောင်းလိုင်းအပြင် Sun Far လေကြောင်း အေးဂျင့်ကိုယ်စားလှယ်တစ်ခုကလည်း ၎င်းတို့လေယာဉ်ဖြင့် နေ့စဉ် ပြေးဆွဲလျက်ရှိနေပါတယ်။

အထက်ဖော်ပြပါ လေကြောင်းလိုင်း လေယာဉ်များမှာ ခရီးသည်(၇၂)ဦးအထိ တင်ဆောင် နိုင်သော လေယာဉ်အမျိုးအစားဖြစ်ပြီး (၇)ရက်တစ်ပတ်လုံးနေ့စဉ် ခေါက်တုံ့ခေါက်ပြန် ပြေးဆွဲလျက်ရှိ သောကြောင့် နိုင်ငံခြားခရီးသွားဧည့်သည်များနဲ့ ပြည်တွင်းခရီးသည်များ တစ်ရက် ပျမ်းမျှ(၂၀၀)ကျော် (၃၀၀)ဝန်းကျင်ခန့် နေ့စဉ် ဝင်/ထွက် သွားလာလျက်ရှိကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လေဆိပ်ခရီးသည်နားနေဆောင် အဆောက်အဦ VIP အရေးကြီးပုဂ္ဂိုလ် နားနေဆောင်အပါအဝင် အလျား(၁၇၀)ပေ၊ အနံ(၆၄)ပေသာရှိတဲ့ လေဆိပ် အဆောက်အဦ ဖြစ်တာကြောင့် နေ့စဉ်ဆင်းသက်နေသော လေယာဉ်အရေအတွက်နဲ့ ခရီးသွားပြည်သူများအတွက် မလုံလောက်တဲ့အပြင် သက်တောင့်သက်သာ နားနေနိုင်ရန်အတွက် ခေတ်မီသပ်ရပ်သော အဆောက်အဦနှင့် အစားအသောက်ဆိုင်များ၊ ကိုယ်လက်သန့်စင်ခန်းများ အမှန်တကယ် လိုအပ်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် ခရီးသွားပြည်သူများအတွက် နားနေဆောင်သို့ အလွယ်တကူဝင်ရောက် သွားလာနိုင်သော မော်တော်ယာဉ်ဖြင့် သက်သာလျင်မြန်စွာရောက်ရှိနိုင်အောင် ယာဉ်အဝင်လမ်း၊ အထွက်လမ်း၊ ယာဉ် ရပ်နားရန်နေရာ အစရှိသည်တို့ကိုလည်း ပုံစံစနစ်တကျရှိရန် လိုအပ်လျက်ရှိကြောင်း ဥက္ကဋ္ဌကြီး မှတစ်ဆင့် တင်ပြလိုပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power point နဲ့ရှင်းလင်းခွင့်ပြုပါရန် တောင်းဆိုပါတယ်။ ဒီပုံကတော့ ကျွန်တော်တို့ လားရှိုးလေဆိပ်ရဲ့ အဝင် မုဒ်ဦးဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ နိုင်ငံတော်အဆင့် ပုဂ္ဂိုလ်များ လားရှိုးလေဆိပ်ရောက်လာတဲ့အချိန်မှာ နားနေဖို့အဆောင်ဖြစ်ပါတယ်ခင်ဗျာ။ ဒီအရေးကြီး ပုဂ္ဂိုလ်၊ နိုင်ငံတော်အဆင့် ပုဂ္ဂိုလ်များနားနေဆောင်နဲ့ကပ်လျက် အဲဒီညာဘက်ခြမ်းကတော့ ကျွန်တော်တို့ အရေးကြီးပုဂ္ဂိုလ်နားနေဆောင်နဲ့အတူ ဆိုက်ရောက်ခရီးသည်နားနေဆောင်၊ ထွက်ခွာခရီးသည် နားနေဆောင် အဲဒီမှာပဲထားပါတယ်ခင်ဗျား။ အဲဒီအဆောင်ရဲ့ နောက်ကျောမှာတော့ ကျွန်တော်တို့ ဌာနဆိုင်ရာ စစ်ဆေးရေး အဆောင်ရှိပါတယ်ခင်ဗျား။ ဒီပုံကတော့ ကျွန်တော်တို့ ခုနမုဒ်ဦးလေဆိပ်ရဲ့အပြင်မှာ တည်ရှိပြီးတဲ့ လေကြောင်းလိုင်းကုမ္ပဏီ အသီးသီး၊ ခရီးသည်များရဲ့ ဝန်စည်စလွယ်များကို ချိန်တွယ်ပြီးတော့ ဟိုအထဲကို ပို့ဆောင်ရတဲ့နေရာဖြစ်ပါတယ် ခင်ဗျား။

ဒါကတော့ လေဆိပ်ရဲ့ မုဒ်ဦးအတွင်းကပ်လျက်မှာရှိတဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကလုံခြုံရေးယူထားတဲ့ ကင်းတဲဖြစ်ပါတယ်။ တော်တော်လေးကို မျက်နှာစာမှာရှိပြီးတော့ တော်တော်လေးကို ကြည့်မကောင်းတဲ့ အနေအထားမှာရှိနေပါတယ်။ ဒါကတော့ခရီးသည်တွေ လေယာဉ်ကွင်းမှာ စောင့်ဆိုင်းနေတုန်း ကျွန်တော်တို့ အစားအသောက်ရောင်းတဲ့ ယာယီတဲလေးတွေပါ။ ဒါကတော့ လေဆိပ်ကိုလာတဲ့ ခရီးသည် သယ်ယူပို့ဆောင်ပေးတဲ့ကားနဲ့ ကိုယ်ပိုင်ကားတွေ ရပ်နားနေတဲ့ လေဆိပ် အပြင်၊ ခုန ကျွန်တော်တို့ လေကြောင်းလိုင်း ကုမ္ပဏီ TTE ရဲ့အနားမှာ ဖြစ်သလို ထိုးထားတဲ့ အနေအထားမှာ တွေ့ရ ပါတယ်ခင်ဗျား။

ဒါကတော့ လေကြောင်းလိုင်း၊ Air ကမ္ဘောဇ လေကြောင်းလိုင်း၊ ကျွန်တော်တို့ လားရှိုး လေဆိပ်ကို ဆင်းသက်လာတဲ့ အနေအထားကို ကျွန်တော်ရိုက်ယူထားတာပါ။ ဒါကတော့ ခုန လေဆိပ် မုခ်ဦးကနေ ကျွန်တော်တို့ ဌာနဆိုင်ရာစစ်ဆေးရေးအဆောင်ရောက်ရှိဖို့ ဒါကလေး၊ လူကြီးပါမကျန် ဒါ လမ်းလျှောက်ဝင်လာရတဲ့ အနေအထားဖြစ်ပါတယ်ခင်ဗျား။ အဲဒီ အပြင်ကနေ အတွင်းကိုရောက်ဖို့ ကတော့ ကိုက်(၂၅၀)နဲ့ (၃၀၀)ခန့်လမ်းလျှောက်လာရပါတယ်ခင်ဗျား။

ဒါကတော့ ကျွန်တော်တို့ ဒီ လောက်ကိုင်တိုက်ပွဲမှာ မြန်မာ့တပ်မတော်က လေယာဉ်တွေ လားရှိုးလေဆိပ်မှာ ယာယီ Base ထိုင်တဲ့အချိန်မှာ လေဆိပ်လုံခြုံရေး အရဆိုပြီးတော့ ပုံမှန်လျှောက်နေတဲ့ လမ်းကြောင်းမှာ မလျှောက်ရဘဲနဲ့ အရေးပေါ် ဒီလိုမြေထိုးပြီးတော့ လျှောက်ရတဲ့ အနေအထား

ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ခုန ကျွန်တော်တင်ပြပြီးသွားပြီ။ ပုံမှန်ခရီးသည်များ လျှော့ကျသွားနေတဲ့ လမ်းကြောင်းဖြစ်ပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်မြောက်ပိုင်းတွင်တည်ရှိတဲ့ တစ်ခုတည်းသော လားရှိုးလေဆိပ်ကို အမှီပြု၍ ဆင်းသက်မှုများပြားလာသော လေယာဉ်နဲ့ ခရီးသွားပြည်သူများအတွက် စိတ်ချမ်းမြေ့စွာ ဝင်/ထွက် သွားလာနိုင်ရေးအတွက် မေးမြန်းလိုတဲ့ မေးခွန်းကတော့(က) လေဆိပ်ခရီးသည် နားနေဆောင် ခေတ်မီအဆောက်အဦ တိုးချဲ့ဆောက်လုပ်မယ့် အစီအစဉ်ရှိ/မရှိ သိရှိလိုပါတယ်။ (ခ)လေယာဉ်ပြေးလမ်း(RUNWAY)၊ လေယာဉ်ရပ်နားရန်နေရာ(APRON)တို့ကို ထပ်မံတိုးချဲ့ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါတယ်။ (ဂ) ခရီးသည်နားနေဆောင် အဆောက်အဦ(Terminal)၊ ကားဝင်ရန်/ကားရပ်နားရန် (Car Parking) ဆောက်လုပ်သွားရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

လားရှိုးလေဆိပ် မြင်ကွင်းပုံ (ပ)




လားရှိုးလေဆိပ် မြင်ကွင်းပုံ (ပ-၁)



လားရှိုးလေဆိပ် မြင်ကွင်းပုံ (ပ-၂)




**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၄။**

**ဦးဇင်ယော် (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဇင်ယော် ဖြစ်ပါတယ်။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညွန့်တင် မှ မေးမြန်းထားတဲ့ မေးခွန်းများကို ဖြေကြားမှာ ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ် ASEAN Open Sky Policy ကျင့်သုံးရန် ကိစ္စကို ဖွံ့ဖြိုးမှုနောက်ကျနေသည့် အာဆီယံ(၄)နိုင်ငံဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ် နိုင်ငံတို့ကို ၂၀၁၈ ခုနှစ်အထိ (၃)နှစ်တာမျှ ဆိုင်းငံ့ပေးသွားရေး သက်ဆိုင်ရာနိုင်ငံများနဲ့ ညှိနှိုင်း၍ တောင်းဆိုသွားရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနဲ့ပတ်သက်၍ ASEAN Open Sky Policy ဟာ အာဆီယံ စီးပွားရေးအသိုက်အဝန်း ၂၀၁၅ အတွက် လိုအပ်သည့် ဒေသတွင်းပြည်သူများ၏ ခရီးသွားလာမှုနဲ့ ကုန်စည်စီးဆင်းမှု လွယ်ကူ ချောမွေ့ ရေးကို အထောက်အကူပြုပေးနိုင်ရန် ရည်ရွယ်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ၁၉၉၄ ခုနှစ်မှ စတင်၍ မျှော်မှန်းအကောင်အထည်ဖော်ခဲ့သော လေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ ဖြေလျှော့ရေး ဆိုင်ရာ မူဝါဒတစ်ရပ်ဖြစ်ပါတယ်။

ယင်း မူဝါဒကို အကောင်အထည်ဖော်ဆောင်သည့် အနေဖြင့် လက်ရှိတွင် အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား လေကြောင်းခရီးသည်ပို့ဆောင်ရေးနှင့် လေကြောင်းကုန်စည်ပို့ဆောင်ရေးဆိုင်ရာ နိုင်ငံစု လေကြောင်းသဘောတူစာချုပ်(၃)ရပ်၊ ASEAN Multilateral Agreement on Air Services ၊ ASEAN Multilateral Agreement on the Full Liberalisation of Passenger Air Services နှင့် ၊ ASEAN Multilateral Agreement on the Full Liberalisation of Air Freight Services တို့ကို ချုပ်ဆိုထားပြီးဖြစ်ပါတယ်။ အဆိုပါ သဘောတူစာချုပ်များကို အကောင်အထည်ဖော်ရာတွင် အဖွဲ့ဝင် နိုင်ငံအလိုက် လေကြောင်းလိုင်းများအား ကြိုတင်ပြင်ဆင်ချိန် ရရှိစေရန်အတွက် ၂၀၀၈ ခုနှစ်၊ ၂၀၁၀ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်ဟူ၍ ကာလအပိုင်းအခြားများ သတ်မှတ်ပြီး အဆင့်လိုက် ဖြေလျှော့ခဲ့ကြခြင်းဖြစ်ပါ တယ်။သဘောတူစာချုပ်များအရ မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ လေကြောင်းလိုင်း များအနေဖြင့် အာဆီယံဒေသတွင်းရှိ မြို့များအကြားတွင် နိုင်ငံတကာခရီးသည်နှင့် ကုန်စည်များကို လွတ်လပ်စွာ ပျံသန်းပို့ဆောင်ခွင့် ရရှိမှာ ဖြစ်ပါတယ်။ ပြည်တွင်းခရီးစဥ်များကို ပျံသန်းခွင့်ပြုထားခြင်း မရှိပါ။ ထိုသို့ ဖြေလျှော့ခြင်းအားဖြင့် ၂၀၁၃ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ မြန်မာနိုင်ငံ၏ လေကြောင်းပို့ ဆောင်ရေးကဏ္ဍအနေဖြင့် National GDP တိုးတက်မှုတွင် ၉ ရာခိုင်နှုန်း ပါဝင်ပံ့ပိုးပေးနိုင်ကြောင်းကို ASEAN Air Transport Integration Project အစီအစဥ်ဖြင့် မြန်မာနိုင်ငံသို့လာရောက်လေ့လာ သုတေသနပြုခဲ့တဲ့ EU မှ ကျွမ်းကျင်သူများက အစီရင်ခံခဲ့ပြီးဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်၏ ခရီးသွားလုပ်ငန်းနှင့် ကုန်သွယ်မှုကဏ္ဍများ ဖွံ့ဖြိုး တိုးတက်ရေးကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ အလားတူ လေကြောင်းပို့ဆောင်ရေး ကဏ္ဍ ဖြေလျှော့မှုများကို အာဆီယံအဖွဲ့ကြီးအတွင်း၌သာမက အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့အပြင် အိမ်နီးချင်း နိုင်ငံများနှင့်ပါ နှစ်နိုင်ငံလေကြောင်း သဘောတူစာချုပ်များ ချုပ်ဆိုဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် နိုင်ငံများကို လေ့လာကြည့်ပါကလည်းCLMV Multilateral Agreement on Air Services ကို ၂၀၀၃ ခုနှစ်ကပင် ချုပ်ဆို၍ လေကြောင်းပို့ဆောင်ရေးလုပ်ငန်း ဖြေလျှော့မှုကို အာဆီယံထက် စောစွာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပြီးဖြစ်ကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ၂၀၁၅ ခုနှစ် ASEAN Open Sky Policy ကျင့်သုံးရန် ကိစ္စကို ဖွံ့ဖြိုးမှု နောက်ကျနေသည့် အာဆီယံ(၄)နိုင်ငံဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ နှင့် ဗီယက်နမ် နိုင်ငံတို့ကို ၂၀၁၈ ခုနှစ် အထိ သုံးနှစ်တာမျှ ဆိုင်းငံ့ပေးသွားရေး သက်ဆိုင်ရာနိုင်ငံများနှင့် ညှိနှိုင်း၍ တောင်းဆို သွားရန် အစီအစဥ်မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး မေးခွန်း(၂)ခုကို တစ်ပေါင်းတည်း ဖြေဆိုမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရှိ လေကြောင်းလိုင်းများအနေဖြင့် ပူးပေါင်း Merger လုပ်ကြစေရန် တိုက်တွန်းသွားရန် အစီအစဥ်ရှိ /မရှိနဲ့ မြန်မာပိုင်လေကြောင်းလိုင်းများအနေဖြင့် နိုင်ငံတကာရှိ အခြေကျပြီး ခိုင်မာတောင့်တင်းသော လေကြောင်း လိုင်းများနှင့် ပူးပေါင်းသွားရေး တွန်းအားပေးသွားရန် အစီအစဥ်ရှိ/မရှိ မေးခွန်းတို့နှင့် ပတ်သက်၍ မြန်မာနိုင်ငံ လေကြောင်းလိုင်းများအနေဖြင့် အခြားနိုင်ငံများမှ လေကြောင်းလိုင်းများအား ထိရောက်စွာ ယှဥ်ပြိုင်နိုင်ရေးအတွက်လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်မှု စရိတ်သက်သာစွာဖြင့် ပျံသန်းဝန်ဆောင်မှု ပေးနိုင်ရေးအတွက် လည်းကောင်း၊ မိမိတို့ အချင်းချင်းဖြစ်စေ၊ ခိုင်မာအောင်မြင်မှု ရှိပြီးသော နိုင်ငံခြား

လေကြောင်းလိုင်းများနှင့်ဖြစ်စေ၊ ပူးပေါင်းဆောင်ရွက်ကြရန် ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် လေကြောင်း ပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတို့က တိုက်တွန်းအားပေးလျက်ရှိပြီး ထိုသို့ ပူးပေါင်းဆောင်ရွက်မှု များအား အခွင့်အလမ်း ဖွင့်လှစ်ပေးသည့်အနေဖြင့် အခြားနိုင်ငံများနှင့် လေကြောင်း သဘောတူစာချုပ် များ ချုပ်ဆိုရာတွင် လေကြောင်းလိုင်း ပူးပေါင်းဆောင်ရွက်မှု ပြဋ္ဌာန်းချက်များကို ထည့်သွင်း ချုပ်ဆိုလျက် ရှိပါတယ်။ ပုံသန်းမှုအစီအစဥ်များ ပူးပေါင်းနိုင်ရန်သာမက လုပ်ငန်းဖွဲ့စည်းတည်ထောင်မှုကိုပါ ပူးပေါင်း ဆောင်ရွက်နိုင်ရန်အတွက် လေကြောင်းလိုင်းများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (၄၉)ရာခိုင်နှုန်းဖြင့် ဖက်စပ် လုပ်ငန်း တည်ထောင်ခွင့်ကို ခွင့်ပြုထားပြီးဖြစ်ပါတယ်။

လေကြောင်းလိုင်းများ၏ သဘောသဘာဝအရ အများစုပိုင်ဆိုင်မှုသည် နိုင်ငံတော် နှင့် နိုင်ငံသားများ လက်ဝယ်တွင်ရှိပါက ပိုမိုလျော်ကန်သင့်မြတ်သည့်အလျောက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကို ၄၉ ရာခိုင်နှုန်း အထိသာ ခွင့်ပြုထားခြင်းဖြစ်ပါတယ်။

ဆက်လက်ပြီး လေယာဥ်မှူးများ၊ လေကြောင်းအင်ဂျင်နီယာများကို လေကြောင်းလိုင်း တစ်ခု နှင့်တစ်ခု အပြိုင်အဆိုင်လစာနှင့်စရိတ်များ တိုးမြှင့်ပေးပြီးခေါ်ယူခြင်းမပြုစေရန် သက်ဆိုင်ရာမှ တိုက်တွန်း ဆောင်ရွက်သွားရန် အစီအစဥ်ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်၍ နိုင်ငံအများစုနဲ့ လုပ်ငန်း အဖွဲ့အစည်း အများစုတွင် ယခုဖော်ပြပါကိစ္စကို ကြုံတွေ့ရလျက်ရှိပြီး တရားဝင် ဥပဒေ၊ စည်းမျဥ်း စည်းကမ်းများဖြင့် ထိန်းချုပ်ကိုင်တွယ်ရန်ခက်ခဲသော ပြဿနာတစ်ရပ်ဖြစ်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ လေကြောင်းအာဏာပိုင်များအနေဖြင့် လေကြောင်းပို့ဆောင်ရေးလုပ်ငန်းများကို နိုင်ငံတော်က ချမှတ် ကျင့်သုံးလျက်ရှိသော စီးပွားရေးဆိုင်ရာ မူဝါဒများ၊ ဥပဒေ၊ စည်းမျဥ်း စည်းကမ်းများ၊ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ်က အတည်ပြုထားသော ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ လုပ်ငန်းတည်ထောင် လည်ပတ်ရေးကိုသာ ကြီးကြပ်ခြင်းပြုနိုင်ပါတယ်။

ကျွမ်းကျင်ဝန်ထမ်းများအား အပြိုင်အဆိုင်ခေါ်ယူသည့် ကိစ္စရပ်များသည် လုပ်ငန်းအဖွဲ့ အစည်းအချင်းချင်း၊ အလုပ်ရှင်နှင့် အလုပ်သမားအကြား အပြန်အလှန်စောင့်စည်းအပ်သည့် ကျင့်ဝတ် များနှင့်သာ အဓိကသက်ဆိုင်ပြီး သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုအတွင်း ကျရောက် နေသော ကိစ္စရပ်များဖြစ်ပါတယ်။ သို့သော်လည်း လေကြောင်းလိုင်းများ ကြီးကြပ်ရေးအဖွဲ့အနေဖြင့် အစည်းအဝေးတိုင်းတွင် သက်ဆိုင်ရာလေကြောင်းလိုင်းများက လခ ပိုမိုပေး၍ ခေါ်ယူခြင်းများ မပြုလုပ် ကြရန်နှင့် လေကြောင်းလိုင်းတစ်ခုမှ ထွက်ခွင့်ရမှသာ အခြားလေကြောင်းလိုင်းများမှာ လုပ်ငန်းဝင်ရောက် ခွင့်ပြုရန်ဆိုပြီး အမြဲတမ်း တိုက်တွန်းဆောင်ရွက်လျက်ရှိကြောင်း ဖြည့်စွက်ဖြေကြားအပ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် Myanmar Aviation Policy တစ်ရပ်ကို ဆောင်ရွက်ရန် အစီအစဥ် ရှိ/ မရှိနဲ့ ပတ်သက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်ရှိ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီး ဌာန အနေဖြင့် မူကြမ်းရေးဆွဲပြီးသည့်အဆင့်ကို ရောက်ရှိလျက်ရှိပြီး မကြာမီကာလအတွင်း လေကြောင်း ပို့ဆောင်ရေးလုပ်ငန်း နယ်ပယ်ရှိ သက်ဆိုင်သူများ မျက်မှောက် ရှင်းလင်းတင်ပြကာ အကြံဥာဏ်များ ရယူ ဖြည့်စွက်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်၍ ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစံမင်း မှ မေးမြန်းထားသော မေးခွန်းများကို ဖြေကြားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လားရှိုးလေဆိပ်ရဲ့ လေဆိပ်အဆောက်အဦဟာ အလျား (၁၇၀) ပေ၊ အနံ (၆၄)ပေရှိတဲ့ တစ်ထပ် သံကူကွန်ကရစ်အဆောက်အဦဖြစ်ပြီး ခရီးသည်များ ဝင်/ထွက်အသုံးပြုလျက်ရှိပါတယ်။ ခရီးသည်များ ဝင်/ထွက် သွားလာရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် လေဆိပ်အဆောက်အဦသစ် အလျား (၂၀၀)ပေ၊ အနံ(၈၀)ပေ တစ်ထပ် သံကူကွန်ကရစ် တည်ဆောက်ခြင်းလုပ်ငန်းဆောက်ရွက်ရန် ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သန်း(၅၀၀) တင်ပြတောင်းခံထားပြီး ဖြစ်ပါတယ်။ ရန်ပုံငွေ ခွင့်ပြုချက် ရရှိ၍ လေဆိပ် အဆောက်အဦသစ် တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးလျှင် အဝင်ခရီးသည်၊ အထွက်ခရီးသည်တွေကို စနစ်တကျ သီးခြားစီထားရှိ ပေးသွားမှာဖြစ်ပါတယ်။ လေဆိပ်အဆောက်အဦသစ် တည်ဆောက်ခြင်းလုပ်ငန်းနှင့်အတူ မော်တော်ယာဉ် ဝင်ထွက်လမ်းနှင့် ကားရပ်နားရန် နေရာများကိုပါ တစ်ပါတည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ လက်ရှိလေယာဉ်ပြေးလမ်း အလျား (၅၂၅၀)ပေ အကျယ်(၁၀၀)ပေရှိ ကျောက်ကတ္တရာခင်း လေယာဉ်ပြေးလမ်းမှာ ပြည်တွင်းလေကြောင်းလိုင်းများမှ ATR-72 လေယာဉ်များ ဆင်းသက်အသုံးပြုလျက်ရှိပြီး အဆိုပါ လေယာဉ်များ အသုံးပြုနိုင်ရန် ပြေးလမ်းအလျားမှာ လုံလောက်လျက်ရှိပါတယ်။ လားရှိုးလေဆိပ်တွင် ပြည်တွင်းလေကြောင်းလိုင်းများဖြစ်သော မြန်မာအမျိုးသား လေကြောင်းလိုင်း၊ မန်းရတနာပုံ ၊ အေးရှားဝင်းစ်၊ အဲကမ္ဘောဇ၊ ရန်ကုန်အဲယားဝေးစ်၊ ရွှေမြန်မာ လေကြောင်းလိုင်းစသည်ဖြင့် စုစုပေါင်း လေကြောင်းလိုင်း (၆)လိုင်း ဆင်းသက် အသုံးပြုလျက်ရှိပါတယ်။ လက်ရှိ လေယာဉ်ရပ်နားနေရာမှာ အလျား (၁၁၀၀)ပေ၊ အကျယ် (၂၇၀)ပေ ရှိပြီး ဆင်းသက် အသုံးပြုလျက်ရှိသော ATR-72 လေယာဉ် (၈)စီးခန့် ရပ်နားအသုံးပြုနိုင်ခြင်း လေယာဉ်များဟာ လေဆိပ်သို့ တစ်ပြိုင်နက်တည်း အဆင်း/အတက် မပြုလုပ်ခြင်း လားရှိုးလေဆိပ်တွင် ဆီဖြည့်တင်းမှုမရှိဘဲ လေယာဉ်မှ ခရီးသည်များ အဆင်း/အတက်သာ ပြုလုပ်ပြီး ချက်ချင်းထွက်ခွာသဖြင့် လေယာဉ်ရပ်နားရာနေရာအား ကြာမြင့်စွာ ရပ်နား အသုံးပြုမှု မရှိခြင်းတို့ကြောင့် လက်ရှိရှိနေသည့် လေယာဉ်ရပ်နားရာနေရာတွင် ဆင်းသက် အသုံးပြုသည့် လေယာဉ်အစီးရေနှင့် လုံလောက်မှု ရှိနေပါတယ်။

သို့ဖြစ်ပါ၍ လားရှိုးလေဆိပ်တွင် အသုံးပြုလျက်ရှိသော ခရီးသည်အရေအတွက်နှင့် ဆင်းသက်သည့် လေယာဉ်အချိုးဟာ လုံလောက်နေပါသဖြင့် လေယာဉ်ပြေးလမ်းနှင့် လေယာဉ်ရပ်နားရာနေရာတို့ကိုတော့ ထပ်မံတိုးချဲ့ရန် မလိုအပ်သေးတဲ့အတွက် ဆောင်ရွက်ခြင်းပြုမှာ မဟုတ်ဘဲ အနာဂတ်ကာလတွင် ခရီးသည် များ တိုးတက်များပြားလာပြီး လေယာဉ်ကြီးများ ဆင်းသက်အသုံးပြုမည်ဆိုပါက လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းနှင့် လေယာဉ်ရပ်နားရာနေရာ တိုးချဲ့ခြင်းလုပ်ငန်းများဆောင်ရွက်သွားနိုင်ရန် အတွက် Master Plan ရေးဆွဲထားရှိပြီး ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား တင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၅။**

**ဦးကျော်ကျော် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ အားလုံး မင်္ဂလာပါ။ ကျွန်တော်က အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးကျော်ကျော် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပေးပါမယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ၂၀၁၂ ခုနှစ်၊
အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းအပေါ်
စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ (ကော်မတီ-၁)၁/၂၀၁၅- ၁၃၄
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်

၁။ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရီ (ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ) က ၁၆-၂-၂၀၁၅ ရက်နေ့တွင် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့တင်သွင်းခဲ့ပါသည်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၁၈-၂-၂၀၁၅ ရက်နေ့တွင် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီနှင့် အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်မှ တာဝန်ရှိသူများ အစည်းအဝေး ပြုလုပ်ခဲ့ပြီး ၂၃-၂-၂၀၁၅ ရက်နေ့တွင် လွှတ်တော်သို့ အစီရင်ခံစာ တင်သွင်းခဲ့ပါသည်။ ယင်းနေ့တွင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး မောင်မောင်ငြိမ်း က အကြံပြုဆွေးနွေးခဲ့ပါသည်။ အဆိုပါအကြံပြုဆွေးနွေးချက်အပေါ် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်း ကော်မတီက ပြန်လည်ကြားနာရန် လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်ခဲ့ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမောင်မောင်ငြိမ်း၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် ၂၄-၂-၂၀၁၅ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ပြန်လည်လေ့လာစိစစ်ရာ အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည် -

(က) ဤပြင်ဆင်သည့်ဥပဒေကြမ်း၏ အပိုဒ် ၂၊ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ)တွင် ဖော်ပြထားသော ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ ဖွဲ့စည်းသည့်နိုင်ငံတော်အဆင့် သို့မဟုတ် ဗဟိုအဆင့် အဖွဲ့အစည်းများကို လည်းကောင်း ဆိုသည့်စကားရပ်ကို ပြည်ထောင်စု လွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ အဆိုပါဥပဒေတွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း အဖြစ် သတ်မှတ်ဖွဲ့စည်းသည့် နိုင်ငံတော်အဆင့် သို့မဟုတ် ဗဟိုအဆင့် အဖွဲ့အစည်း များကိုလည်းကောင်း၊ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ဤပြင်ဆင်သည့် ဥပဒေ ကြမ်း၏ အပိုဒ် ၁၆၊ ပုဒ်မ၅၀၊ ပုဒ်မခွဲ(င)တွင် ဖော်ပြထားသော ပြည်ထောင်စု ဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးများကို တိုက်ရိုက်ဖိတ်ကြားပါက လာရောက်ရှင်းလင်း ဖြေကြားရမည် ဆိုသည့်စကားရပ်ကို အဓိပ္ပာယ်ပိုမိုပြည့်စုံမှု ရှိစေရန်အတွက် ပြည်ထောင်စု ဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီး အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်ကိုကိုယ်စားပြုသော အဖွဲ့အစည်းဝင်များကို တိုက်ရိုက်ဖိတ် ကြားပါက လာရောက်ရှင်းလင်းဖြေကြားရမည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားသည့် ကိစ္စနှင့်စပ်လျဉ်း၍ ဤပြင်ဆင်သည့် ဥပဒေကြမ်းအပိုဒ် ၈ ၏ အောက်တွင် အပိုဒ် ၉ အဖြစ် အောက်ပါအတိုင်း အသစ် ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

၉။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ(ခ)၏ နောက်တွင် ပုဒ်မခွဲ(ဂ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(ဂ) ဥက္ကဋ္ဌက လွှတ်တော်၌ အရေးကြီးသောဆုံးဖြတ်ချက် ချမှတ်ရန် ရှိသည် ဟု သုံးရက် ကြိုတင်၍ ကြေညာထားလျှင် နာရေးကိစ္စသို့မဟုတ် လွှတ်တော်သို့ တက်ရောက်ရန် မဖြစ်နိုင်သည့် ခိုင်လုံသောအကြောင်း ရှိသည် မှတစ်ပါး ခွင့်ပန်ကြားခြင်းမပြုရ။

(ဂ) ဤပြင်ဆင်သည့် ဥပဒေကြမ်း၏ အပိုဒ် ၁၁ အဖြစ် အသစ်ဖြည့်စွက်ထားသော ပုဒ်မ ၁၉-က နှင့် အပိုဒ် ၁၉ တွင်ပါရှိသော အသစ်ဖြည့်စွက်ထားသည့် ပုဒ်မ ၆၂-က တို့ကို မလိုအပ်၍ ပယ်ဖျက်ပြီး ပြောင်းလဲသွားသော အမှတ်စဉ်များကို ပြန်လည်စီစဉ်သင့် ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒကြမ်းကော်မတီသည် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အကြံပြုဆွေးနွေးခဲ့သော တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးမောင်မောင်ငြိမ်း၊ နိုင်ငံရေး၊ စီးပွားရေး၊ ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ်ညှိနှိုင်း ဆွေးနွေးခဲ့ပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်း ဖြစ်ပါ၍ အမျိုးသား လွှတ်တော်မှ အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၁၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မူလက အစီအစဉ်(၇) အရ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီ အလိုက် အတည်ပြုရန်ဖြစ်သော်လည်း ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက် စာမျက်နှာ(၂) အပိုဒ် ၂(ခ) အရ လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားသည့် ကိစ္စနှင့်စပ်လျဉ်း၍ ဤပြင်ဆင်သည့် ဥပဒေကြမ်း အပိုဒ် ၈ ၏ အောက်တွင် အပိုဒ် ၉ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာ သိရှိရပါသည်။

၉။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ(ခ)၏ နောက်တွင် ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(ဂ) ဥက္ကဋ္ဌက လွှတ်တော်၌ အရေးကြီးသော ဆုံးဖြတ်ချက် ချမှတ်ရန်ရှိသည်ဟု သုံးရက် ကြိုတင်၍ ကြေညာထားလျှင် နာရေးကိစ္စ သို့မဟုတ် လွှတ်တော်သို့ တက်ရောက်ရန် မဖြစ်နိုင်သည့် ခိုင်လုံသောအကြောင်း ရှိသည်မှတစ်ပါး ခွင့်ပန်ကြားခြင်းမပြုရဆိုတဲ့ အသစ်ဖြည့်စွက်ချက် ပါဝင်တဲ့ အတွက် ယနေ့ အတည်ပြုခြင်းကို ဆောင်ရွက်ခြင်းမပြုဘဲ အသစ်ဖြည့်စွက်ထားတဲ့ အပိုဒ် ၉ ကို ဆွေးနွေး လိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ယနေ့ ညနေ(၄)နာရီ မတိုင်ခင် အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာပါတယ်။

**အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဒီမိုကရေစီ ပညာရေးစစ်ကြောင်းများကို အားပေး ထောက်ခံ ကူညီခဲ့သည့် ပြည်သူကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော် ဆွေးနွေးပွဲခန်းမတွင် ကြားနာ ခဲ့သည့် အစီအစဉ်ကို ထုတ်လွှင့်ပြသခြင်း**

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ရပ်နားပြီးတဲ့ အခါမှာ (၁၅)မိနစ် နားပါမယ်။ နားပြီးလို့ရှိရင် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်း နဲ့ စပ်လျဉ်းပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီနဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဒီမိုကရေစီပညာရေး စစ်ကြောင်းများကို အားပေးထောက်ခံကူညီခဲ့သည့် ပြည်သူ့ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော် ဆွေးနွေးပွဲခန်းမမှာ ကြားနာခဲ့တဲ့ အစီအစဉ်များကို ထုတ်လွှင့်ပြသမှာ ဖြစ်တဲ့အတွက် စိတ်ဝင်စားစွာနဲ့ တက်ရောက်ကြဖို့ မှာကြားလိုပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၆) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၇) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြိုတင် အသိပေးမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ၁၁း၁၃ နာရီအချိန်တွင် ရပ်နားပါသည်။]